မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၇

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ကျရောက်သော ဘူတန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျစ်မီခေဆာ နန်းဂျဲလ်ဝန်ချွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပုဂံမြို့ရှိ ဆင်များရှင်ဘုရားအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆင်များရှင်ဘုရားနှင့် လောကမာရ်အောင် ရွှေဂူကြီးဘုရား ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၅ရက် နံနက် ၁၀နာရီတွင် ပုဂံမြို့ရှိ ဆင်များရှင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်များတပ်ဆင်မှု အပြီးသတ်အပိုင်းသို့ရောက်ရှိ
လုပ်ငန်းအားလုံး အချိန်ကိုက်ပြီးစီးအောင်၊ စံချိန်စံညွှန်းညီညွတ်အောင် အလေးထားလုပ်ကိုင်
တည်ဆောက်ပြီးရေအားလျှပ်စစ်စီမံကိန်းများ၏ ရေလှောင်တမံများ ရေရှည်တည်တံ့ရေးထိန်းသိမ်း

နေပြည်တော် ဒီဇင်ဘာ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။ (အောက်ပုံ)

စာမျက်နှာ ၆ ကော်လံ ၁ *



အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်)

နိုင်ငံတော်၏အရှည်ဆုံးတံတားကြီးပေါ်ထွန်းလာတော့မည်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားပြီး ချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ဖြစ်ထွန်းစေသည်။

နိုင်ငံတော်အစိုးရသည် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ပြည်နယ်နှင့်တိုင်းချင်းဆက်သွယ်သည့်လမ်းများ၊ အမြန်လမ်းများကို နိုင်ငံတစ်ဝန်း ကွန်ရက်သဖွယ်ဖောက်ကာ လမ်းများအဆင့်မြှင့်တင်ခြင်းများကိုပါ ပြုလုပ်ပေးခဲ့သည်။

၁၉၈၈ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးများတွင် တံတားကြီးငါးစင်းသာရှိခဲ့ရာ ယခုထပ်မံတည်ဆောက်ပြီးသည့်တံတားကြီး ၁၈စင်းရှိနေပြီဖြစ်သည်။

ယခုအခါ မကွေးတိုင်း ပခုက္ကူမြို့၌ ဧရာဝတီတံတား(ပခုက္ကူ)ကို တည်ဆောက်လျက်ရှိရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာလ ၁၃ရက်နေ့ကရောက်ရှိခဲ့ပြီး ဧရာဝတီတံတား(ပခုက္ကူ)၏ တံတားအကြောင်းရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ပေါင်းကူးဆက်သွယ်ပေးမည့် တံတားတစ်စင်းဖြစ်ပြီး ပင်မအရှည် ၁၁၄၃၁ပေ(၂ဒသမ၁၆)မိုင်ရှိမည်ဖြစ်၍ နိုင်ငံတော်၏ အရှည်ဆုံးတံတားကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက "အရှည်ဆုံးတံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းရှိသည့် ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင်သွားရမှာဖြစ်ကြောင်း၊ ဤစီမံကိန်းကြီးကို နိုင်ငံတော်အတွက် စံနမူနာစီမံကိန်းကြီးတစ်ခုအဖြစ် မှတ်တမ်းပြုနိုင်ရန် ဖိဖိစီးစီး အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ)တွင် ကားလမ်းနှင့်ရထားလမ်းယှဉ်တွဲပါရှိပြီး နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေ၊ ရေလမ်းကင်းလွတ်အမြင့်ပေ ၅၂ပေ၊ တစ်ဖက်လျှင် လူသွားကားလမ်း အကျယ်သုံးပေသုံးလက်မစီရှိသည့် သံကူကွန်ကရစ် သံမဏိသံပေါင်အမျိုးအစားတံတားကြီးဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုများ တိုးတက်ခိုင်မာလာသည်နှင့်အမျှ နိုင်ငံတော်၏နယ်မြေအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် အထူးစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ပေ၁၈၀နှင့်အထက် ကားလမ်းတံတား ၂၃၂စင်း၊ ရထားလမ်းတံတား ၅၅စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်နှင့်အတူ အစဉ်အမြဲလက်တွဲလျက် ဖန်တီးနိုင်စွမ်းရှိသော ကိုယ်ပိုင်အရည်အသွေးများဖြင့် နိုင်ငံ့အကျိုး သယ်ပိုးစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် သခင်ဖစိန်လမ်း အမှတ် ၃၅နေ ဒေါ်အေးအေးသိန်း၏(၆၉)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဇဟိုသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ခွဲစိတ်ခန်းသုံးပစ္စည်းများ လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘာယ်လ်(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးထွန်းအေးတို့က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

အခြေခံတိုင်းရင်းဆေးပညာသင်တန်းဆင်းပွဲ တိုက်ကြီးမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော အခြေခံတိုင်းရင်းဆေးပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၁ရက် နံနက်၉နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးမြင့်ဇော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးဦးစီးမှူးက အရိုး၊ အကြော၊ အဆစ်အကြောင်းသိကောင်းစရာများကို လက်တွေ့သရုပ်ပြဟောပြောသည်။ ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အင်ဂျင်နီယာ(မြို့ပြ) ၁၉၈၀-၁၉၈၄ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

၁၉၈၀-၁၉၈၄ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ငွေရတုအထိမ်းအမှတ် ပြန်လည်တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၆ရက် ညနေ၄နာရီတွင် ဂရင်းမီးရထားဟိုတယ်၏ ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်နုနုတင် ဖုန်း-၀၉-၅၀၀၉၁၂၈၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၀၀၈၇၅၂၊ ရုံးဖုန်း-၀၁-၂၂၆၈၁၇၊ ၀၉-၅၅၀၆၁၃၂၊ ဦးမိုးအောင် ဖုန်း-၀၉-၅၁၂၇၇၈၇၊ ၀၁-၅၀၅၈၂၁၊ ဦးခင်အောင် ဖုန်း-၀၁-၅၅၇၇၁၁၊ ၀၁-၅၀၁၂၂၀၊ ကိုမျိုးဌေး ဖုန်း-၀၉-၅၁၆၂၃၆၇၊ မလွင်လွင်မီ ဖုန်း-၀၆၇-၄၀၇၄၆၇ နှင့် မခင်မငွေး ဖုန်း-၀၉-၂၀၀၃၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

မြဝတီရုပ်မြင်သံကြား

၁၇-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅း၃၀ ၇။ မွေးမြူသုတ
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မျော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၃၂)
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၀)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၁)

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၁၈-၁၂-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (မောရသုတ်+ ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (ကြွေးဟောင်းဆပ်ကြစေချင်)
- ၈း၃၅ တေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
- ၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
- ၁၂း၁၀ တေးပဒေသာ
- ၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း
- ၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ Music Talk-2
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
- ၁၈း၄၅ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အစိမ်းရောင်ရသ)
- ၁၉း၄၅ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဘိုဖြူ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁း၀၀ ဆောင်းပါး (အချစ်တဏှာမရှိအောင် မေတ္တာလက်ဆောင်) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **အာသဝတရားကုန်လျှင် နိဗ္ဗာန်မြင်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ကုသိုလ်ပြုဆင်နွှဲ ကမ်းနားဈေး မိသားစုအလှူပွဲ)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၂၉)
- ၈း၃၀ Sports World (Max Power) (Part-2)
- ၈း၅၅ မက်မဆုံးတဲ့ပြက်လုံးများ (ဝင်းအောင်၊ ဒါလေး၊ ဖိုးတာ)
- ၉း၂၀ Activities in the City (စမ်းချောင်းမြို့နယ်သင်္ကြန်ခြင်းလုံးဘာဘကြီးများအား ပူဇော်ကန်တော့ပွဲ)
- ၉း၃၅ Fashion Talk (Beauty & Spa)
- ၁၀း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ပင်လယ်ရင်ခွင်ကြယ်စင်အိပ်မက်**
- ၁၀း၄၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊စိုးပြည့်သဇင်၊ဂျင်းနီ)
- ၁၁း၀၅ ဘက်စုံပြင်ဆင်နေမှုများရွှေဆံတော် ဘုရားဝေနေယျများကုသိုလ်ပွား
- ၁၁း၂၀ ဂီတသရုပ်ပြခန်း (Too Big ခုချက်ချင်း)
- ၁၁း၅၀ Say it in English
- ၁၂း၀၅ Family Fun Fair
- ၁၂း၂၀ ရေကြည်ပြာကိုဖြတ်၍ ခရီးနှင့် ကိုကိုးကျွန်းခရီးစဉ်
- ၁၂း၄၅ Activities in the City (စမ်းချောင်းမြို့နယ်သင်္ကြန်ခြင်းလုံးဘာဘကြီးများအား ပူဇော်ကန်တော့ပွဲ)
- ၁း၀၀ **အာသဝတရားကုန်လျှင် နိဗ္ဗာန်မြင်** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival Hair Fashion (2)
- ၃း၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ပင်လယ်ရင်ခွင်ကြယ်စင်အိပ်မက်**
- ၄း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Myanmar National Championship 2009 Cyber Game ပြိုင်ပွဲ)
- ၄း၃၅ အနုပညာမိုးကောင်းကင်
- ၅း၀၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊စိုးပြည့်သဇင်၊ဂျင်းနီ)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆို)
- ၆း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ကုသိုလ်ပြုဆင်နွှဲ ကမ်းနားဈေး မိသားစုအလှူပွဲ)
- ၇း၀၅ Fashion Music Festival Hair Fashion (2)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ မက်မဆုံးတဲ့ပြက်လုံးများ (ဝင်းအောင်၊ ဒါလေး၊ ဖိုးတာ)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၂၉)
- ၁၀း၀၀ Family Fun Fair
- ၁၀း၁၀ ဂီတသရုပ်ပြခန်း (Too Big ခုချက်ချင်း)
- ၁၀း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar National Championship 2009 Cyber Game ပြိုင်ပွဲ)
- ၁၀း၅၅ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လှောင်အိမ်နှင့်ငါးမွေးမြူခြင်း)
- ၁၁း၁၀ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၁၁း၂၅ ပိတုန်းရောင်ကေသာဦးအတွက်…
- ၁၁း၃၀ နေရာတိုင်းတွင်အသုံးဝင် ရှားစောင်းလက်ပပ်အပင်
- ၁၁း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● ရှေ့ဖုံးမှ

ကပ်လှူပူဇော်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဆင်များရှင်ဘုရားအတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် ဆင်များရှင်ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး အင်ရောင်းကျေးရွာအုပ်စု အင်ရောင်းကျေးရွာအနီးရှိ လောကမာရ်အောင် ရွှေဂူကြီးဘုရားသို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လောကမာရ်အောင် ရွှေဂူကြီးဘုရား အရှေ့ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်တို့ကို ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လောကမာရ်အောင် ရွှေဂူကြီးဘုရားအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော် ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပတ်ဝန်းကျင်ဒေသ အတွင်း၌ တည်ဆောက်ထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံဖြစ်သည့် ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)၏ တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်းဆေးရည်၊ ထိုးဆေးစသည့် ဆေးဝါးကုန်ထုတ်လုပ်မှု အခြေအနေများကို လည်းကောင်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၏ မီးဖိုချောင်သုံး စတီးလ်ပစ္စည်း၊ ဆေးရုံသုံး စတီးလ်ပစ္စည်း၊ စတီးလ်ပိုက်၊ ကြွေရည်စိမ်ပစ္စည်း၊ ဆေးရုံသုံးခုတင်များနှင့် ပရိဘောဂအမျိုးမျိုး ထုတ်လုပ်နိုင်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက မိမိတို့စက်ရုံများမှ ထုတ်လုပ်သော အိမ်သုံးပစ္စည်းနှင့် ဆေးဝါးများကို ပြည်သူများ၏ လိုအပ်ချက်နှင့်အညီထုတ်လုပ်ရေး၊သုံးစွဲသူများ၏ ဈေးကွက်များသို့ ပစ္စည်းများရောက်ရှိရေးတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။ ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)ကို လည်းကောင်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံ(မင်းစု)၌ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စတီးလ်နှင့် ကြွေရည်စိမ် အသုံးအဆောင်များဖြစ်သော ပန်းကန်ပြား၊ ဇလုံပက်၊ သုံးဆင့်ချိုင့်၊ လေးဆင့်ချိုင့်၊ ပန်းကန်လုံး၊ ဟင်းလိုက်ချိုင့်၊ လင်ပန်း၊ မတ်ခွက်၊ အကြော်အိုး၊ ဟင်းလျာအိုး၊ ထမင်းအိုး၊ ထမင်းအုပ်၊ ဇွန်းခက်ရင်းစသည့် ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မိုလ်ဒိုင်ပြုပြင်ခြင်းနှင့် မိုလ်ဒိုင်ပုံစံသစ် ထုတ်လုပ်ရေးဌာန၊ ကြွေမီးဖိုဌာနနှင့် ပန်းမှုတ်ပန်းကပ်ဌာန၊ ကြွေရည်စိမ်ဌာန၊ ကြေးချွတ်ဌာန၊ စတီးလ်နားကွပ်ဌာန၊ ကြွေကြိတ်ဌာန၊ စတီးလ်ပိုက်ဌာနနှင့် ထုပ်ပိုးဌာနများအတွင်း လှည့်လည်၍ ပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကို ဆက်လက်ကြည့်ရှု စစ်ဆေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၌ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စတီးလ်နှင့် ကြွေရည်စိမ် အသုံးအဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘုရားအတွင်း လက်ယာရစ် လှည့်လည် ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပုဂံမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် ...

လောကမာရ်အောင် ရွှေဂူကြီးဘုရား အရှေ့ဘက်မုခ်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၌ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် စတီးလ်နှင့်ကြွေရည်စိမ် အသုံးအဆောင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးအုန်းသွင်အား မော်လ်ဒိုက်ဗ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအုန်းသွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီး အဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဖျာပုံနှင့် ဘိုကလေးမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်းဆင်းပွဲများ နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဖျာပုံမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဖျာပုံမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၂)တွင် ထူးချွန်ပထမဆုရရှိသူ ကျုံတူးကျေးရွာမှ မရတနာစိုး၊ ဒုတိယဆုရရှိသူ ကွန်ဒိုင်ကျေးရွာမှ မခိုင်မာလှိုင်၊ တတိယဆုရရှိသူ ကျုံကိုက်ကျေးရွာမှ မဖြိုးစုဝေနှင့် အခြားထူးချွန်ဆုရရှိသူများအား အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေးကော်မတီက ချီးမြှင့်ပေးသည့် ဆုများကို ဝန်ကြီးက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးသည် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ လက်မှုပစ္စည်းများနှင့် စက်ချုပ်၊ လက်မှုနှင့် ဟင်းလျာချက်ပြုတ်မှုဘာသာရပ် လက်တွေ့လေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် ဘိုကလေးမြို့ ပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘိုကလေးမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘိုကလေးမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂)တွင် ထူးချွန်ပထမဆုရရှိသူ ကွင်းဝိုင်းကျေးရွာမှ မစုစုလှိုင်၊ ဒုတိယဆုရရှိသူ ကွင်းဝိုင်းကျေးရွာမှ မသူဇာလွင်၊ တတိယဆုရရှိသူ ပျဉ်းမကုန်းကျေးရွာမှ မသဲသဲနိုင်နှင့် အခြားထူးချွန်ဆုရရှိသူများအား အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေး ကော်မတီက ချီးမြှင့်ပေးသည့် ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် သင်တန်းသူများ၏ လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

လေ့ကျင့်သင်ကြားပေး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဖျာပုံမြို့နှင့် ဘိုကလေးမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်းများကို ယင်းမြို့နယ်များအတွင်းရှိ လေဘေးသင့်ကျေးရွာများမှ အမျိုးသမီးငယ် ၆၀စီဖြင့် စက်ချုပ်ပညာ၊ လက်မှုပညာ၊ အာဟာရမပျက် ချက်ပြုတ်နည်းပညာရပ်များကို နေထိုင်စားသောက်ရေးနှင့် သင်ကြားမှုအထောက်အကူပစ္စည်းများကို အခမဲ့ထောက်ပံ့ကာ ရက်သတ္တ ၁၀ပတ်ကြာ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းသူများအနေဖြင့် အိမ်တွင်းမှုအတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်းနိုင်သည်အထိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အိမ်တွင်းမှုသင်တန်းကျောင်းများမှ နည်းပြများဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒီဇင်ဘာ ၁၅ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော မအူပင်မြို့ မအူပင်-ပံတပွတ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုသည်။ အဆိုပါ မအူပင်-ပံတပွတ် ကတ္တရာလမ်းသည် လမ်းအရှည် ပေ၃၂၆၀၊ အကျယ် ၁၂ပေရှိသည်။

သွားလာနိုင်

ယခုကဲ့သို့ ကတ္တရာလမ်းသစ်အဖြစ် ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ယင်းလမ်းကို အသုံးပြုလျက်ရှိသော ကျေးရွာအုပ်စု ၁၅အုပ်စုရှိ ကျေးရွာပေါင်း ၅၆ရွာနေ ကျေးလက်ပြည်သူများ ယင်းလမ်းပေါ်ရှိ လျှော်ရွှေးလျှော်ထုတ်စက်ရုံ၊ စက္ကူစက်ရုံတို့မှ စက်ရုံဝန်ထမ်းများနှင့် မိသားစုများ အနေဖြင့် မအူပင်မြို့သို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Search Engine တည်ဆောက်သည့် နည်းပညာဟောပြောပွဲနှင့် သင်တန်းကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဒီဇင်ဘာ ၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း (၂၀၅)၌ ထိုင်းနိုင်ငံ NECTEC အဖွဲ့အစည်းမှ Team Leader Dr.Choochart Haruechaiyasak က Search Engine တစ်ခုတည်ဆောက်ရာတွင် အသုံးပြုသော နည်းပညာများဖြစ်သည့် Word Segmentation, Opinion Mining အစရှိသည်တို့ကို ဟောပြော၍ လက်တွေ့သရုပ်ဖော် တင်ပြသွားမည်ဖြစ်သည်။

ထို့အပြင် ဒီဇင်ဘာ ၁၈ရက် (သောကြာနေ့) နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ Search Engine တည်ဆောက်သည့် နည်းပညာနှင့်စပ်လျဉ်းသည့် သင်တန်းတစ်ခုကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး တက်ရောက်လိုပါက ကြိုတင်စာရင်းပေးနိုင်ကာ စာရင်းပေးသွင်းသူများထဲမှ သင့်တော်သူအား မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကရွေးချယ်ပြီး အခမဲ့ တက်ရောက် ခွင့်ပြုမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များ၊ Natural Language Processing နှင့် စပ်လျဉ်း၍ စိတ်ဝင်စားသူများ၊ Search Engine နည်းပညာကို စိတ်ဝင်စားသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄)ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိနှင့် ပညာဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဒီဇင်ဘာ ၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရှိ သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ဟိန်းလတ်က "အသိနှင့်ပညာ" (Knowledge & Wisdom) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ အကြမ်းဖက်ပစ်ခတ်မှု အရပ်သား နှစ်ဦးသေဆုံး

ဘာကူဘာ ဒီဇင်ဘာ ၁၆

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်၌ ဒီဇင်ဘာ ၁၄ ရက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုနှင့်ပစ်ခတ် တိုက်ခိုက်မှုတို့ကြောင့် နှစ်ဦးသေဆုံးပြီး အီရတ်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းဌာနက ပြောကြားသည်။

ဒဏ်ရာရရှိ

ထို့ပြင် ဘာကူဘာမြို့အနီး ခါလစ်မြို့တွင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးပြီး ဆာဒီရာမြို့အနီး၌လည်း ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အီရတ်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ပြင်းထန်သည့် ကားဗုံးဖောက်ခွဲမှုကြောင့် ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားနေသည်ကို ဒီဇင်ဘာ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗုံးခွဲတိုက်ခိုက်မှုနှင့် ဆက်နွယ်သူ ၁၃ဦး အီရတ်၌ သေဒဏ်ကျခံရဖွယ်ရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၆

လွန်ခဲ့သည့် ဩဂုတ်လက ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားခဲ့သည့် လူအသေအပျောက်များသော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ဖမ်းဆီးတရားစွဲခံထားရသူ ၁၃ဦးသည် သေဒဏ်ကျခံရဖွယ်ရှိကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီး ဂျာဝပ်အယ်လ်ဘိုလာနီက ပြောကြားသည်။

စုံစမ်းစစ်ဆေး

အီရတ်ဝန်ကြီးဌာနများ ဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများကို ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပတ်သက်၍ မိမိတို့ ၈၀ရာခိုင်နှုန်း စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်သည်ဟု ဘိုလာနီက အီရတ်လွှတ်တော်အစည်းအဝေးတွင် အမတ်များအား ဒီဇင်ဘာ ၁၃ရက်ကပြောကြားသည်။

တရားရုံးက ပြည်ထဲရေးဝန်ကြီးဌာန၏ အထောက်အထားများအရ အမှုနှင့်ငြိစွန်းသည့် အဆိုပါအကြမ်းဖက်သမား ၁၃ဦးအား သေဒဏ်ကျခံရဖွယ်ရှိသည်ဟု ဆိုသည်။

အသက်ဆုံးရှုံး

ဩဂုတ် ၁၉ရက်က ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အရပ်သား ၁၀၀ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

ထိုစဉ်က ဘဂ္ဂဒက်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများ အပါအဝင် အစိုးရအဆောက်အအုံများ အနီးနှင့် သံတမန်ရပ်ကွက်များကို တရစပ်ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်တက်

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်တပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်သည်ဟု အီရတ်အာဏာပိုင်များက ယုံကြည်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများမှာ ယခုလအတွင်း မြင့်တက်လာခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။ **(အင်တာနက်)**

အာဖဂန်ဆိုင်ရာ မဟာဗျူဟာသစ်ချမှတ်ခဲ့ရမှု သမ္မတသက်တမ်းတစ်လျှောက် အခက်အခဲဆုံးဖြစ်ဟု အိုဘားမားဆို

ဝါရှင်တန် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မဟာဗျူဟာသစ်ချမှတ်ရေးသည် ယခုအချိန်အထိ မိမိသမ္မတသက်တမ်းတစ်လျှောက် အခက်အခဲဆုံးဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒီဇင်ဘာ ၁၄ရက်၌ ပြုလုပ်သည့်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်ရေးကိစ္စ အပါအဝင် ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန် ချမှတ်နိုင်ရန်မှာ စစ်ဦးစီးချုပ် တစ်ဦးအနေဖြင့် မိမိအလေးအနက်ထား ဆောင်ရွက်ရမည့်တာဝန်ပင်ဖြစ်ကြောင်းလည်း သမ္မတအိုဘားမားက စီဘီအက်စ်သတင်းဌာနသို့ ပြောကြားသည်။

စိတ်ထိခိုက်

အာဖဂန်ဆိုင်ရာ မဟာဗျူဟာသစ် ကြေညာချိန်မှစ၍ ပထမဦးဆုံးပြုလုပ်သည့် အဆိုပါတွေ့ဆုံမေးမြန်းခန်းတွင် အီရန်နှင့် အာဖဂန်နစ္စတန်မှ ဒဏ်ရာဒဏ်ချက်ဖြင့် ပြန်လာကြသော စစ်မှုထမ်းများ သို့မဟုတ် ခေါင်းတလားဖြင့် ပြန်သယ်လာကြရသော ကျဆုံးစစ်သည်များအတွက် ကျင်းပသော အခမ်းအနားများသို့ မိမိတက်ရောက်ရသည့်အခါ အကြီးအကျယ် စိတ်ထိခိုက်ရကြောင်းဖြင့်လည်း သမ္မတအိုဘားမားက ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

မိုဆူးလ်၌ အရပ်သားတစ်ဦးသေဆုံး

မိုဆူးလ် ဒီဇင်ဘာ ၁၆

အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းရှိ အယ်ရာတာဒေသ၌ ဒီဇင်ဘာ ၁၅ရက် ညနေပိုင်းက အမည်မသိ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း အဆွတ်အယ်လ်-အီရတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။ သေဆုံးသူမှာ မီးစက်အရောင်းဆိုင်ပိုင်ရှင်ဖြစ်ကာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ ရဲစခန်းအနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူနေသည်ကို ဒီဇင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် — အာဖဂန် သတင်းများ

အာဖဂန်သို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်တောင်ပိုင်းမှ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၅၀၀ ရှိရာသို့ စစ်ကူဗြိတိသျှတပ်ဖွဲ့ဝင် ၅၀၀နှင့်အတူ ရဟတ်ယာဉ်များ၊ ပစ္စည်းကိရိယာများနှင့် လမ်းဘေးဗုံးထောက်လှမ်းရေးကိရိယာများ ပေးပို့မည်ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်ရှိဒေသများသည် ကမ္ဘာ့လုံးဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုများ၏ ဗဟိုချက်မဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက ပြောကြားသည်။

ထပ်မံစေလွှတ်

အာဖဂန်နစ္စတန်စစ်ပွဲသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် မိမိ၏ဆုံးဖြတ်ချက်ကို မစ္စတာဘရောင်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဗြိတိန်အစိုးရနှင့် အာဖဂန်အစိုးရတို့အကြား ညီညီညွတ်ညွတ် ဆောင်ရွက်သွားရမည့်ကိစ္စများစွာရှိနေကြောင်း ကန်ဒါဟာပြည်နယ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ မစ္စတာဘရောင်းက ပြောကြားခဲ့သည်။

(အင်တာနက်)

လက်နက်ပုန်းအများအပြား အာဖဂန်နစ္စတန်၌ သိမ်းဆည်းရမိ

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များသည် မြို့တော်ကဘူးလ်၏မြောက်ဘက် ကီလိုမီတာ ၈၀ အကွာ ဂျဘားလ်ဆီရစ်ခရိုင်တွင် လက်နက်ပုန်းအမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၃ရက်၌ ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဖော်ပြ

အာဖဂန်နှင့် နိုင်ငံတကာတပ်ဖွဲ့များ ပါဝင်သည့် ပူးတွဲစစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း လက်နက်မျိုးစုံပါဝင်သည့် ရှေးမလက်နက်တိုက်ကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းလည်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

သိမ်းဆည်း

အဆိုပါတပ်ဖွဲ့ဝင်များသည် မော်တာသုံးလက်၊ ဒုံးပစ်လောင်ချာ(အာရ်ပီဂျီ)တစ်ခု၊ မိုင်းဗုံးအလုံး ၄၀နှင့် လေယာဉ်ပစ်အမြောက်ကျည်ဆန်ရာပေါင်းများစွာကိုလည်း သိမ်းဆည်းလိုက်ကြောင်း သိရသည်။ အဆိုပါလက်နက်ခဲယမ်းမီးကျောက်များသည် ဂျဘားလ်ဆီရစ်ခရိုင်တွင် ခိုးဝှက်သိမ်းဆည်းထားသည့် လက်နက်ပုန်းများဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ၂၀ကျော် ဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ သံတမန်ရပ်ကွက်ရှိ ဟိုတယ်အနီး၌ ဒီဇင်ဘာ ၁၅ရက်က ပြင်းထန်သော ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားလေးဦး သေဆုံးပြီး ၂၀ကျော် ဒဏ်ရာရရှိကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းဖြစ်ပွားမှုသည် ကဘူးလ်မြို့ ဝါဇာအက်ဘာကန်ဒေသ၌ အစိုးရရုံးစိုက်ရာဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သံရုံးများတည်ရှိရာ နေရာဒေသဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပျက်စီး

အဆိုပါ ပြင်းထန်သောပေါက်ကွဲမှုကြောင့် မီတာ၁၀၀ကျော် အတွင်းရှိ အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ အင်အားပြင်းသည့် အသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဒီဇင်ဘာ ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁၆ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၇၂၃ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၀၇၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၇၂၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၀၇၇ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဒီဇင်ဘာ ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁၆ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၉၂ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၈၀၉၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၉၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၀၉၈ ဦး

(အင်တာနက်)

လေကြောင်းကုန်စည်ပြပွဲ

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့၌ ကျင်းပသည့် တရုတ်လေကြောင်းဆိုင်ရာ ကုန်စည်ပြပွဲကို ဒီဇင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

သဘာဝဘေးအန္တရာယ်များကျရောက်မှု ရာသီဥတုနှင့် အများဆုံးဆက်နွယ်နေ

ကိုပင် ဟေဂင် ဒီဇင်ဘာ ၁၆

ယခုနှစ်အတွင်း တစ်ကမ္ဘာလုံး၌ ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များသည် အလွန်ဆိုးရွားသော ရာသီဥတုဖြစ်စဉ် ပြောင်းလဲမှုများကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မာဂရတ်ဝါလစထရောင်းက ကိုပင်ဟေဂင်မြို့တွင် ဒီဇင်ဘာ ၁၄ ရက်က ပြောကြားသည်။

သေဆုံး

ကမ္ဘာတစ်ဝန်း ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ၂၄၅ခုဖြစ်ပွားခဲ့ရာ ၂၂၄ ခုမှာ ရာသီဥတုနှင့် ဆက်စပ်နေကြောင်း လူဦးရေ ၅၅ သန်းမျှ သဘာဝဘေးအန္တရာယ်ကြုံခဲ့ပြီး ၇၀၀၀ သေဆုံးခဲ့ရကြောင်း ဘယ်လ်ဂျီယံ သဘာဝဘေးအန္တရာယ် သုတေသနမှတ်တမ်းများကို ကိုးကားလျက် ဝါလစထရောင်းက ပြောကြားသည်။

ယင်းသဘာဝဘေးအန္တရာယ်များမှာ ရေကြီးမှုနှင့် မုန်တိုင်းများကျရောက်မှုတို့ပင်ဖြစ်ကြောင်း၊ စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ထိခိုက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကုမ္ပဏီအသစ် ၂၆၀၀၀ ကျော် အီတလီနိုင်ငံ၌ တည်ထောင်ဖွင့်လှစ်

ရောမ ဒီဇင်ဘာ ၁၆

၂၀၀၉ခုနှစ်တွင် စီးပွားရေးကျဆင်းနေလင့်ကစား အီတလီကုန်သည်ကြီးများသမဂ္ဂကထုတ်ပြန်သည့် အစီရင်ခံစာအရ အီတလီနိုင်ငံရှိ ကုမ္ပဏီများအရေအတွက်သည် သိသိသာသာတိုးမြင့်များပြားလာကြောင်း၊ ယခုနှစ်ပထမ ၁၁လတွင် ကုမ္ပဏီအသစ် ၂၆၁၂၂ခု တည်ထောင်ထားပြီးဖြစ်ကြောင်း၊ ယင်းကုမ္ပဏီများအနက် ၆၃ ရာခိုင်နှုန်းမှာ အီတလီမြောက်ပိုင်းဒေသများဖြစ်သည့် လွမ်ဘာဒီယာနှင့် လာတီယမ်အလယ်ပိုင်းဒေသတို့တွင်တည်ထောင်ထားသည့်ကုမ္ပဏီများဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အီတလီနိုင်ငံ၏ ထိပ်တန်းစီးပွားရေးမြို့ကြီးနှစ်မြို့မှာ နိုင်ငံ့စီးပွားရေး အချက်အချာကျသည့် မီလန်မြို့နှင့် အဖွဲ့အစည်းများ တည်ရှိရာ ရောမမြို့တို့ဖြစ်သည်။ အက်ဘ်ရပ်ဇိုဒေသသည် ဧပြီလတွင် အင်အားပြင်းမြေငလျင်လှုပ်သည့်ဒဏ်ကို အကြီးအကျယ်ခံရလင့်ကစား စီးပွားရေးအခြေအနေကောင်းများရှိနေကြောင်း၊ အက်ဘ်ရပ်ဇို၌ ကုမ္ပဏီ၁၀၀၀ကျော်တည်ထောင်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဂျီစီစီလှုံ့ဆော်ရေးအစီအစဉ်

ကူဝိတ်နှင့်ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(ဂျီစီစီ)၏ အမှတ်တံဆိပ်အား မီးပုံးပျံတွင် ရိုက်နှိပ်ကာ ဂျီစီစီစည်းလုံးညီညွတ်မှု လှုံ့ဆော်ရေး အစီအစဉ်အဖြစ် ကူဝိတ်စီးတီးမြို့၌ ပြသထားသည်ကို ဒီဇင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားနိုင်ငံ အိမ်ရာတည်ဆောက်ရေးကဏ္ဍ စီးပွားရေးကို အထောက်အကူပြုနိုင်

ဂျကာတာ ဒီဇင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးနယ်ပယ်ကို အိမ်ရာတည်ဆောက်ရေးကဏ္ဍက အထူးအထောက်အကူပေးမည်ဟုမျှော်လင့်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဆူဟာဆိုမိုနိုရာဖာက ဒီဇင်ဘာ ၁၄ရက်၌ ပြောကြားသည်။

တည်ဆောက်ရေး

၂၀၀၈ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုပမာဏ အမေရိကန်ဒေါ်လာဘီလီယံ၅၂၀ရှိရာ အိမ်ရာတည်ဆောက်ရေးလုပ်ငန်းက အမေရိကန်ဒေါ်လာ ၁၃ဒသမ ၇ဘီလီယံပါဝင်သည်။

အဓိကပြဿနာ

၄င်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း၌ ချေးငွေအပေါ် အတိုးနှုန်းမြင့်မားခြင်းသည် အဓိကပြဿနာတစ်ရပ်ပင် ဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

မစ်ချီဂန်ပြည်နယ်၌ နေအိမ်မီးလောင် ကလေးငယ်နှစ်ဦးနှင့်ဖခင်ဖြစ်သူသေဆုံး

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၆ရက်ကနေ့ အိမ်မီးလောင်မှုဖြစ်ပွားရာ နေအိမ်အတွင်းရှိ ကလေးငယ်နှစ်ဦးကိုကယ်ဆယ်ရန် ကြိုးပမ်းရာမှ ဖခင်နှင့်အတူ အသက် လေးနှစ်အရွယ်နှင့် အသက်ရှစ်လအရွယ် ကလေးငယ်နှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ (အောက်ပုံ)

A(H1N1) တုပ်ကွေးရောဂါဖြင့် အီဂျစ်တွင် သုံးဦးထပ်မံသေဆုံး

အီဂျစ်နိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါဖြင့် ဒီဇင်ဘာ ၁၆ရက်က နောက်ထပ်သုံးဦး သေဆုံးသွားကြောင်း၊ တစ်နိုင်ငံလုံးတွင် ယင်းA(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေ ၆၄ဦးရှိသွားပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာသည်။

နျူကလီးယားထိပ်ဖူးလျှော့ချရေး ဩစတြေးလျနှင့် ဂျပန်လိုလား

ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့သည် ၂၀၂၅ခုနှစ်တွင် နျူကလီးယားထိပ်ဖူး ၉၀ရာခိုင်နှုန်းလျှော့ချရန် လိုလားနေကြကြောင်း နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် နျူကလီးယားလက်နက်မပြန့်ပွားရေးဆိုင်ရာ အစီရင်ခံစာသစ်တစ်ရပ်၌ ဖော်ပြထားသည်။

တောင်အာဖရိက၌ ပြန်ပေးဆွဲသူများအား လက်ဖြောင့်ရဲတပ်သားများ ပစ်သတ်ခဲ့

တောင်အာဖရိကနိုင်ငံ ပီထရက်ဇ်ဘတ်မြို့ပြင်တွင် ဒီဇင်ဘာ ၁၄ရက်နံနက်ပိုင်းက လူပြန်ပေးဆွဲပြီး ဓားစာခံအဖြစ် နာရီ၂၀ကြာ ဖမ်းဆီးထားမှုဖြစ်ပွားခဲ့ပြီးနောက် တောင်အာဖရိက ရဲတပ်ဖွဲ့လက်ဖြောင့်တပ်သားများက ပြန်ပေးဆွဲသူနှစ်ဦးကို ဒီဇင်ဘာ ၁၆ရက် နံနက်က ပစ်သတ်ခဲ့ကြောင်း တောင်အာဖရိက သတင်းပြန်ကြားရေးဌာနက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားဆန်တင်ပို့မှု ထိန်းထားမည်

အင်ဒိုနီးရှားအစိုးရသည် လာမည့်နှစ်တွင် ကမ္ဘာ့ဆန်စပါးဈေးတက်မည်ဟုမျှော်လင့်ရသဖြင့် ပြည်တွင်းရိက္ခာဖြန့်ဖြူးမှုလုံလောက်အောင် ပြည်ပသို့ဆန်စပါးတင်ပို့မှုကို ထိန်းချုပ်ထားမည်ဟု အင်ဒိုနီးရှားစိုက်ပျိုးရေးဒုတိယဝန်ကြီး ဘာယူခရစ္စနာ မူသီက ဂျကာတာမြို့တွင် ဒီဇင်ဘာ ၁၆ရက်က ပြောကြားသည်။

ပေကျင်း၌ အပူချိန် ရေခဲမှတ်အောက်ရောက် အဝေးပြေးလမ်းများ ပိတ်ထားရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့်အခြားပြည်နယ်များတွင် ဒီဇင်ဘာ ၁၅ရက်က အပူချိန်ထိုးကျသွားရာ လေယာဉ်ခရီးစဉ်များကြန့်ကြာသွားရပြီး အဝေးပြေးလမ်းမကြီးများကိုပိတ်ထားလိုက်ရကြောင်း၊ အပူချိန်သည် ရေခဲမှတ်အောက်ရောက်သွားပြီးပေကျင်းမြို့၌ လေတိုက်ခတ်မှုနှုန်းမှာ တစ်နာရီလျှင် ၂၆ ဒသမ ၆ကီလိုမီတာဖြစ်နေကြောင်း ပေကျင်းမိုးလေဝသဌာနအရာရှိတစ်ဦးက ပြောကြားသည်။

မလေးရှားနိုင်ငံဆွန်ဂိုင်းပန်ဒန်ရေတံခွန်၌ လူငယ်သုံးဦးရေနစ်သေဆုံး

မလေးရှားနိုင်ငံ ပါဟန်ပြည်နယ် မြို့တော်ခန်တန်အနီး မြို့ငယ်လေးတစ်ခုဖြစ်သည့် ပန်ချိန်းမြို့ရှိ ဆွန်ဂိုင်းပန်ဒန်ရေတံခွန်တွင် အပန်းဖြေရန် လာရောက်သည့် လူငယ်သုံးဦး ရေနစ်သေဆုံးသွားကြောင်း သည်စတားအမည်ရှိ မလေးရှားသတင်းစာ၌ ဒီဇင်ဘာ ၁၆ရက်က ဖော်ပြပါရှိသည်။

ဩစတြေးလျနိုင်ငံ ကင်ဘာရာစက်မှုဇုန်၌ ပေါက်ကွဲမီးလောင်မှုဖြစ်ပွား၊ သုံးဦးဒဏ်ရာရရှိ

ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့မြောက်ပိုင်းစက်မှုဇုန်ရှိ ဆေးဝါးကုမ္ပဏီတစ်ခု၌ ဒီဇင်ဘာ ၁၆ရက်က ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦးပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

17-12 (05).pmd 1 12/17/2009, 12:47 PM

၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ် စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* *ရွှေဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာမှ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိသည်။

RCC ကွန်ကရစ်ရေလှောင်တမံ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ရှင်းလင်းတင်ပြရာတွင် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် မြစ်ငယ်မြစ်ပေါ်၌ အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေရှိ RCC ကွန်ကရစ် အမျိုးအစား ရေလှောင်တမံ တည်ဆောက်ပြီး သိုလှောင်ရရှိသော ရေအားဖြင့် လျှပ်စစ်ထုတ်ယူမည့် နိုင်ငံတော်၏ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီး ဖြစ်ပါကြောင်း။

အင်တိုက်အားတိုက်ဆောင်ရွက်

စီမံကိန်း၌ လျှပ်စစ်ဓာတ်အား ၁၉၇ ဒသမ၅ မဂ္ဂါဝပ်စီထွက်ရှိသော တာဘိုင်လေးလုံးကို တည်ဆောက်တပ်ဆင်ခဲ့ရာ မကြာမီကာလအတွင်း တာဘိုင် အမှတ်(၁)မှ လျှပ်စစ်ဓာတ်အား စတင်ထုတ်လွှတ်ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျန်တာဘိုင် သုံးလုံးကိုလည်း ရှေ့ဆင့်နောက်ဆင့် တပ်ဆင်ထုတ်လွှတ်နိုင်ရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သိုလှောင်

ယခုအခါ ပင်မတမံတည်ဆောက်မှုလုပ်ငန်း၊ ရေယူ အဆောက်အအုံလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်း စသည့် အစိတ်အပိုင်းများအားလုံးကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ယခုအခါ ရေလွှဲဥမင်ရေတံခါးများပိတ်၍ တမံအတွင်း ရေများစတင် သိုလှောင်နေပြီဖြစ်ပါကြောင်း။

ဓာတ်အားပေးစက် အစိတ်အပိုင်းများ အဆင့်ဆင့်တပ်ဆင်ခြင်းလုပ်ငန်း၊ စက်ရုံ ရေထုတ်မြောင်းလုပ်ငန်းနှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများလည်း အပြီးသတ်အဆင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလေးထားဂရုပြု

ကမ္ဘာ့အကြီးဆုံး RCC တမံစာရင်းဝင် စီမံကိန်းတစ်ခုဖြစ်သည်နှင့်အညီ စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် အစစ အလေးထား ဂရုပြုလုပ်ကိုင်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ အားပေးစောင့်ရှောက်မှု၊ စီမံကိန်းလုပ်သားများ၏ ကြိုးစားမှုတို့ကြောင့် စီမံကိန်းကြီးသည် နှစ်နှစ်ခန့်စော၍ ပြီးစီးမည်ဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

ခေတ်မီအဆင့်မြင့်နည်းပညာဖြင့် တည်ဆောက်ရသော စီမံကိန်းဖြစ်၍ ပင်မတမံ၏ ခိုင်ခံ့မှု၊ ရွေ့လျားမှု၊ ရေဖိအားအခြေအနေ၊ အပူချိန်အခြေအနေတို့ကို တိုင်းတာနိုင်ရေးအတွက် ခေတ်မီနည်းပညာသုံး စက်ကိရိယာများကို ပင်မတမံအတွင်း၌ တပ်ဆင်ထားပါကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက စီမံကိန်းကြီးမှာ ဓာတ်အားပေးစက်များ တပ်ဆင်လျက်ရှိသည့် အပြီးသတ် အပိုင်းသို့ ရောက်ရှိနေပြီဖြစ်၍ လုပ်ငန်းအဆင့်အားလုံး အချိန်နှင့်တစ်ပြေးညီ ချိန်ကိုက်ပြီးစီးအောင်၊ စံချိန်စံညွှန်းများနှင့် ညီညွတ်အောင် အလေးထားလုပ်ကိုင်ကြရန်၊ တည်ဆောက်ပြီးသော ရေအားလျှပ်စစ် စီမံကိန်းများ၏ ရေလှောင်တမံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း ပြုပြင်သွားကြရန် မှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကမ္ဘာ့အကြီးဆုံး RCC တမံစာရင်း၌ တစ်ခုအပါအဝင်ဖြစ်သည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

17-12 (06).pmd 1 12/17/2009, 12:47 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်ပညာရှင်များအား သစ်သီးခြင်းများ လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသား ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်တို့အား သစ်သီးခြင်းများကိုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပင်မကွန်ကရစ်တမံပေါ်သို့ ရောက်ရှိကြပြီး ရှုရပ်မှ ရေလှောင်တမံအတွင်း ရေသိုလှောင်မှုအခြေအနေ၊ စက်ရုံရေထုတ်မြောင်း မြေကြီးကျောက်သားဖယ်ရှားခြင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံနှင့် ရေထိန်းတံခါး တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် စီမံကိန်းလုပ်ငန်းခွင်တစ်ခုလုံးကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး လျှပ်စစ်ဓာတ်အားပေးစက်များအနက် အမှတ်(၁) ဂျင်နရေတာ အစိတ်အပိုင်းများအပြီးသတ် တပ်ဆင်နေမှု၊ အမှတ်(၂) ဂျင်နရေတာ စက်အစိတ်အပိုင်းများ စတင်တပ်ဆင်နေမှုစသည့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော် အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုမည့် ဓာတ်အားပေးစက်လေးလုံးကို တပ်ဆင်ရာ၌ ဓာတ်အားပေးစက်တစ်လုံး၏ အလေးချိန်မှာ တန် ၁၅၀၀ကျော်ရှိပြီး ယင်းစက်တစ်လုံးတိုင်း၌ စက်အစိတ်အပိုင်းပေါင်းတစ်သိန်းကျော်ကို စနစ်တကျတပ်ဆင်ရကြောင်း သိရသည်။

ထုတ်လုပ်ပေးနိုင်

မဂ္ဂါဝပ် ၇၉၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၅၅၀ ရှိမည်ဖြစ်သဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လက်ရှိဓာတ်အားပေးစက်ရုံ ၁၅ရုံမှ ထုတ်လုပ်လျက်ရှိသော ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၅၀၀၀ခန့်၏ ၇၀ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ရဲရွာ RCC တမံမှာ ကမ္ဘာ့အကြီးဆုံး RCC တမံစာရင်း၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❐ *ကျောဖုံးမှ*

ပဲပိစပ်နှင့်ပဲပိစပ် ထုတ်ကုန်များကို စားသုံးသူ အမျိုးသမီးများအား သုတေသနပြုကြည့်ရာ ရင်သားကင်ဆာဖြစ်ပွားမှု ၂၉ရာခိုင်နှုန်း လျော့ကျကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဆက် လက်ဖော်ပြထားသည်။

ပဲပိစပ်ကို နေ့စဉ် ၁၁ဂရမ်ခန့် စားသုံးသည့် အမျိုးသမီးများအား လေ့လာကြည့်ရာ ရင်သားကင်ဆာဖြစ်ပွားမှု ၃၉ရာခိုင်နှုန်း ကျဆင်းနေစေကြောင်း၊ အခြားကင်ဆာဖြစ်ပွားမှုကိုလည်း ဟန့်တားနိုင်ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့ကြောင့် အမျိုးသမီးများသာမက အမျိုးသားများလည်း ပဲပိစပ်ကို ပုံမှန်စားသုံးသင့်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။ ။

မဂ္ဂါဝပ် ၇၉၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းရှိသည့် ရဲရွာရေအား လျှပ်စစ်စီမံကိန်းမှ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အား ပမာဏမှာ ကီလိုဝပ်နာရီ သန်းပေါင်း ၃၅၅၀ ရှိမည် ဖြစ်သဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ လက်ရှိ ဓာတ်အားပေးစက်ရုံ ၁၅ရုံမှ ထုတ်လုပ်လျက်ရှိသော ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၅၀၀၀ ခန့်၏ ၇၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးနိုင် မည်ဖြစ်။

မြန်မာ့ရုပ်မြင်သံကြား

၁၇-၁၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ **အဆုံးအဖြတ်**
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ **နမ္မတီးတံတား (ကံလှ)**
- ၄:၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၄၀ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၅၀ ၆။ အကပြိုင်ပွဲ
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၂၀ ၉။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၁။ မြန်မာ့အလှဖြာဝေ ကိုကိုးကျွန်းရေမြေ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **ကျွန်ုပ်နှင့် ရေအေးအေးနှစ်ခွက်** မိုးမိုး၊ သူရလင်း၊ စာကလေး၊ သဇင်၊ ယမင်း မြင့်သိန်း (ဒါရိုက်တာ- အောင်ကျော်သူရ)
- ၆:၃၅ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၁)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၈၃) (ဇာတ်သိမ်းပိုင်း)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ**(အပိုင်း-၄)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့နှင့် Man Fut Tong လူမှုရေးအဖွဲ့တို့က ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့ ဥက္ကဋ္ဌနှင့် Man Fut Tong လူမှုရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိုင်းမှူး၊ မြို့တော်ဝန်၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌ၊ Man Fut Tong လူမှုရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က အမှာစကားပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌနှင့် Man Fut Tong လူမှုရေးအဖွဲ့ဥက္ကဋ္ဌတို့က လွှဲပြောင်းပေးအပ်ရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

လက်ခံ

ဆက်လက်၍ စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌက လှူဒါန်းဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး Man Fut Tong လူမှုရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ စာရေးစားပွဲနှင့် ထိုင်ခုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ဆက်လက်၍ ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ပညာသင်ယူနေမှုကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောင်းဆောင်သစ် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုတို့ကို ကြည့်ရှုပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင်များက စာရေးကိရိယာများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၆

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၆ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ နီဂါပတ္တိနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေစဉ် အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

__ဒီဇင်ဘာ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ သာယာမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ သာယာမည်။

နိုင်ငံတော်၏ မွန်မြတ်မြင့်မားသည့် အနာဂတ်ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင် ကားလမ်း၊ ရထားလမ်းကဏ္ဍ ထောက်ကူပံ့ပိုးမြှင့်တင်

နိုင်ငံတော်အကြီးအကဲရဲ့ အခုရက်ပိုင်း ခရီးစဉ်များအတွင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့တဲ့ ဧရာဝတီတံတား (စင်းခန်း)နဲ့ ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းများကို အကြောင်းပြုပြီး နိုင်ငံနဲ့ပြည်သူရဲ့ တိုးတက်မှုအနာဂတ်အတွက် အာမခံချက်ပေးမယ့် ဧရာဝတီမြစ်ကူးတံတားကြီးများအကြောင်းကို အကျဉ်းမျှ ရေးခဲ့ပြီးပါပြီ။ ယခုဆက်လက်ပြီး အဲဒီခရီးစဉ်များအတွင်း နိုင်ငံတော်အကြီးအကဲ လှည့်လည်ကြည့်ရှုစစ်ဆေးတဲ့ သတင်းများအရ ဆက်စပ်နေတဲ့ ကားလမ်း၊ ရထားလမ်းစီမံကိန်းတွေအကြောင်းကို လက်လှမ်းမီသလောက် ရေးချင်ပါသေးတယ်။ အဲဒီ ဧရာဝတီမြစ်ကူးတံတားကြီးများနဲ့ အခုပြောမယ့် ရထားလမ်း၊ ကားလမ်းစီမံကိန်းတွေဟာ ဆက်စပ်နေလို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ကျယ်ပြန့်ထက်မြက်လှတဲ့ အမြော်အမြင်၊ ကြီးမားထက်သန်လှတဲ့ လုံ့လဉဿာဟ၊ စစ်မှန်နက်ရှိုင်းလှတဲ့ စေတနာ၊ မေတ္တာတွေနဲ့ ရေရှည် အကျိုးစီးပွားကို မျှော်ကိုးပြီး လက်တွေ့ကျလှတဲ့ လုပ်ငန်းလမ်းညွှန်ချက်များနဲ့အညီ ဒီနေ့ ပြည်တွင်းမှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးအောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ကြံဆောင်ကြိုးပမ်းဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း နိုင်ငံတွေ၊ နိုင်ငံတကာ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

ဧရာဝတီမြစ်ကူးတံတား (စင်းခန်း) စီမံကိန်းဟာ ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ ကသာ-ဗန်းမော်ရထားလမ်းဟာ နိုင်ငံတော် အကြီးအကဲရဲ့ လမ်းညွှန်ချက်အရ ဖောက်လုပ်နေတဲ့ စီမံကိန်းသစ်တစ်ရပ်ဖြစ်ပြီး ၂၀၀၇ခုနှစ် မေလက စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ လုပ်ငန်းစတင်ချိန်ကစပြီး မြေတိုင်းတာခြင်းလုပ်ငန်းများနဲ့ မြေသားလုပ်ငန်းများကို တစ်ပြိုင်နက် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကသာ-ဗန်းမော် ရထားလမ်းဟာ စစ်ကိုင်းတိုင်းအတွင်း ၂၆မိုင်နဲ့ ကချင်ပြည်နယ်အတွင်း ၇၂မိုင် စုစုပေါင်း ၉၈မိုင်ခန့် ရှိမှာဖြစ်ပြီး အဲဒီရထားလမ်း ဖောက်လုပ်ပြီးစီးသွားတဲ့အချိန်မှာ မန္တလေးက ဗန်းမော်အထိ ခရီးသည်နဲ့ကုန်စည်များ ရထားလမ်းကြောင်းနဲ့ တိုက်ရိုက်သွားလာ တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။ ပထမဆင့်အနေနဲ့ ကသာမှ မိုးတားကြီးအထိလမ်းအပိုင်း ၁၆ဒသမ ၆၈မိုင်ကို ဖွင့်လှစ်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။

ကသာ-ဗန်းမော်ရထားလမ်းပိုင်းမှာ ကသာကနေ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)အထိ ၆၆မိုင်နဲ့ ဧရာဝတီမြစ်ကူးတံတား (စင်းခန်း)ကနေ ဗန်းမော်အထိ ၃၂မိုင် စုစုပေါင်း ၉၈မိုင် ရှည်လျားပြီး ဘူတာ ၁၂ခု ပါဝင်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်အထိ ဘူတာ ၁၂ခုအနက် ကသာဘူတာ၊ ပေါမမြိုင်ဘူတာ၊ မင်းလယ်ဘူတာနဲ့ မိုးတားကြီးဘူတာတို့ ဆောက်လုပ်ပြီးစီးနေပါပြီ။ တံတားကြီး/ငယ်များ တည်ဆောက်ခြင်းအနေနဲ့ ကသာ-ဧရာဝတီတံတား (စင်းခန်း) လမ်းပိုင်းမှာ တံတား ၁၉၁စင်း၊ ဧရာဝတီတံတား (စင်းခန်း)-ဗန်းမော်လမ်းပိုင်းမှာ တံတား ၉၃စင်း စုစုပေါင်း ၂၈၄စင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ယခုအထိ တံတားကြီး/ငယ် ၆၄စင်း တည်ဆောက်ပြီးနေပြီဖြစ်လို့ သံလမ်းခင်းတဲ့လုပ်ငန်းတွေကိုတောင် စတင်ဆောင်ရွက်နေပါပြီ။

ကသာ-ဗန်းမော်ရထားလမ်းဟာ ကသာမြို့နယ်၊ ရွှေကူမြို့နယ်၊ မန်စီမြို့နယ်နဲ့ ဗန်းမော်မြို့နယ်များကို ဆက်စပ်ပေးနိုင်မယ့် စီမံကိန်းသစ်ဖြစ်ပြီး ဒေသတွင်းရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေမှာ ပိုမိုလွယ်ကူချောမွေ့စေဖို့ အများကြီး အထောက်အကူပြုနိုင်မှာ အသေအချာပါပဲ။ ဒီလို လမ်းပန်းဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ ချောမွေ့အဆင်ပြေအောင်မြင်လာတာနဲ့အမျှ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာဖို့အတွက် အပြည့်အဝ အာမခံချက်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

တကယ်တော့ ကသာနဲ့ ဗန်းမော်ဒေသတွေဟာ အဓိက ဆက်သွယ်ရေးလမ်းမကြီးများနဲ့ တိုက်ရိုက်ထိတွေ့ ဆက်စပ်ခြင်း မရှိဘဲ အလှမ်းဝေးတဲ့ ဒေသတွေဖြစ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် အဆက်အသွယ်နည်းပါးပြီး ချောင်ကျတဲ့ ဒေသဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေဟာ ဘိုးဘွားအစဉ်အဆက် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျစွာနဲ့ ရုန်းကန်ရှင်သန် နေခဲ့ကြရပါတယ်။ ဒါကြောင့်လည်း အဲဒီဒေသအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ရှမ်း၊ ဗမာ စတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဘဝအဆင့်အတန်းဟာ အခြားဒေသတွေထက် နောက်ကျကျန်ရစ်ခဲ့တာ အားလုံးအသိပါပဲ။ အခုတော့ ဒီလို နိမ့်ကျမှုတွေ၊ နောက်ကျမှုတွေ အားလုံးကို ကျော်လွှားလွန်မြောက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကူးတံတားသစ်ကြီးနဲ့တကွ ကားလမ်း၊ ရထားလမ်းတွေ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့တဲ့အတွက် ဒေသခံ တိုင်းရင်းသားလူမျိုးများရဲ့ လူမှုစီးပွားဘဝ အဆင့်အတန်းဟာ မလွဲမသွေ မြင့်မားတိုးတက်လာတော့မှာ ဖြစ်ပါတယ်။ ဒီလို မြင့်မားတိုးတက်လာရအောင်လည်း နိုင်ငံတော်အပိုင်းက မိဘကောင်းပီသစွာ စစ်မှန်တဲ့ စေတနာ၊ မေတ္တာအရင်းခံပြီး မိမိတို့ရဲ့ ရင်သွေးများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ရေ့အလားအလာကောင်းများအတွက် အမှန်တကယ်လိုအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံတွေကို ပြည်ထောင်စုကြီးရဲ့ နေရာဒေသအနှံ့မှာ လက်ညှိုးထိုးမလွဲ ကြိုးပမ်းတည်ဆောက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဧရာဝတီတံတား(ပခုက္ကူ)ဟာလည်း ပခုက္ကူ-မြင့်ချိုင့်-လက်ပံခြေပေါ်-သစ်ထောက်-ညောင်ဦး ရထားလမ်းပိုင်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ အလားတူ ဧရာဝတီတံတား (မလွန်)ဟာလည်း ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းမှာရှိတဲ့ မကွေး-တောင်တွင်းကြီး ရထားလမ်းပိုင်းနဲ့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းမှာ ဖောက်လုပ်ဆဲဖြစ်တဲ့ ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းတို့ကို ဆက်စပ်ပေးမယ့် ဧရာဝတီတံတား(မလွန်) ရထားလမ်းပိုင်းမှာ ဆက်စပ်ပါဝင်နေပါတယ်။ ဒါကြောင့် ဒီတံတားကြီးတွေ၊ ဒီရထားလမ်းစီမံကိန်းကြီးတွေဟာ ဒေသရဲ့အနာဂတ်ကို လှပဝေဆာစည်ပင်လာအောင် ထုဆစ်ပုံဖော်ပေးနိုင်ဖို့အတွက် အရေးပါတဲ့ အခန်းကဏ္ဍက ပံ့ပိုးထောက်ကူ ဖြည့်စွမ်းပေးနိုင်တော့မှာ မုချဧကန်ပဲဖြစ်ပါတယ်။

ကျော်ရဲမင်း

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဒေသထုတ်ကုန်တွေ၊ ထွက်ကုန်တွေ၊ သယံဇာတတွေကို သက်ဆိုင်ရာဈေးကွက် အရောက် မြန်မြန်၊ များများနဲ့ သက်သက်သာသာ သယ်ယူပို့ဆောင်ပေးနိုင်ဖို့အတွက် ရထားလမ်းတွေကို အရှေ့မှအနောက်၊ မြောက်မှတောင် ကွန်ရက်သဖွယ် ဖောက်လုပ်ဖို့၊ ပြည်ထောင်စု ရထားလမ်းကွန်ရက်ကြီး ဖြစ်လာစေဖို့အတွက် တိုင်းနဲ့ပြည်နယ် အားလုံးကို ရထားလမ်းများ ဆက်သွယ်ဖောက်လုပ်ဖို့ နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်နဲ့အညီ တစ်ဖက်က ရထားလမ်းများကို အဆင့်မြှင့်တင်ပေးနေသလို အခြားတစ်ဖက်ကလည်း ရထားလမ်းသစ်တွေကို အရှိန်အဟုန်နဲ့ ဖောက်လုပ်ပေးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ သံလမ်းမိုင် ၂၇၉၃ ဒသမ ၈၆ မိုင်သာ ရှိခဲ့ရာကနေ အခု ၄၃၃၈ ဒသမ ၉ မိုင်အထိ ရှိလာပြီဖြစ်ပါတယ်။ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်နေဆဲဖြစ်သလို ပုသိမ်-အိမ်မဲ-ညောင်တုန်း-လှိုင်သာယာ ရထားလမ်းကိုလည်း ဧရာဝတီမြစ်ကူး ညောင်တုန်းတံတားအသစ်ကြီး နောက်တစ်စင်းနဲ့အတူ ဖောက်လုပ်နိုင်ဖို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်မယ့် ပြည်-တောင်ငူ ရထားလမ်း၊ ပုသိမ်-ပခုက္ကူ ရထားလမ်းက နေပြည်တော်အထိ သွားလာနိုင်ဖို့ မလွန်-ပထနဂို-သစ်ရာကောက် ရထားလမ်း၊ စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း၊ ကသာ-ဗန်းမော် ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း၊ ဘုရားငါးဆူ-ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း၊ ထားဝယ်-မြိတ် ရထားလမ်း စုစုပေါင်း မိုင် ၁၂၀၀ကျော်ကို ဖောက်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။

အဲဒီသတ်မှတ်လျာထားတဲ့ မဟာဗျူဟာရထားလမ်းများ ဖောက်လုပ်ပြီးစီးတဲ့အချိန်မှာ ပြည်နယ်နဲ့တိုင်းအားလုံး ဆက်စပ်အကျုံးဝင်တဲ့၊ ကျယ်ပြန့်အားကောင်းတဲ့ ပြည်ထောင်စုရထားလမ်း

ကွန်ရက်စနစ်ကြီးအဖြစ် ပေါ်ထွက်လာတေ
အနေနဲ့ လက်ရှိအခြေအနေမှာကိုပဲ တ
လာနေတဲ့ ရထားလမ်းတွေပေါ်မှာ နေ့စဉ်ရ
ပြေးဆွဲလျက်ရှိပြီး နေ့စဉ် ခရီးသည်ပေါင်း
ပေးလျက်ရှိနေပါတယ်။

**ဧရာဝတီတံတား(စင်းခန်း)နဲ့ ဧရာ
ဟာ ကား၊ ရထားနှစ်မျိုးလုံး အသုံးပြုနိုင်တဲ့
မီးရထားလမ်းကွန်ရက်နဲ့သာမက မော်
တွေနဲ့ပါ ဆက်စပ်နေပါတယ်။ သယ်
အမျိုးမျိုးရှိတဲ့အနက် မြန်မာနိုင်ငံမှာ ‌ေ
နေတဲ့ ကုန်းလမ်းခရီးကဏ္ဍဟာ ပမာဏ
ဒါကြောင့် နိုင်ငံတော်အနေနဲ့ မော်တော်က
အင်တိုက်အားတိုက် တွန်းအားပေး
တွေ့နိုင်ပါတယ်။ လမ်းပန်းဆက်သွယ်မှု
ပြည်သူတွေရဲ့ လူမှုစီးပွားရေး မြင့်မားခြင်း
ကို တိုးတက်ဖြစ်ထွန်းစေတယ်လို့ အ
တစ်ဝန်းလုံးမှာ ကျေးရွာချင်းဆက်လမ်း
ဆက်သွယ်တဲ့လမ်းတွေ၊ ခရိုင်ချင်းဆက်
တိုင်းချင်းဆက်သွယ်တဲ့လမ်းတွေ၊ အ
ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့ပါတ
တင်ပေးရေးအပိုင်းကိုလည်း တွန်းအားပေ
ဒါကြောင့် ၁၉၈၈ခုနှစ်တုန်းက လမ်းမိုင်
ရှိရာကနေ အခုဆိုရင် လမ်းမိုင်ပေါင်း ၄**



နိုင်ငံတော်ရဲ့ မွန်မြတ်မြင့်မားတဲ့ အနာဂတ် ရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်စေရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ ထောက်ကူပံ့ပိုး ဖော်ဆောင်ပေးနေသော သံလွင်တံတား (မော်လမြိုင်)။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

17-12 (08-09).pmd 1 12/17/2009, 12:47 PM

ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာအနီးတွင် ကသာ-ဗန်းမော် ရထားလမ်းပိုင်း၌ လမ်းအူကြောင်း ဖောက်လုပ်နေမှုကို ဤသို့ တွေ့ခဲ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကွန်ရက်စနစ်ကြီးအဖြစ် ပေါ်ထွက်လာတော့မှာပါ။ မြန်မာ့မီးရထားအနေနဲ့ လက်ရှိအခြေအနေမှာကိုပဲ တစ်နေ့တခြား တိုးတက်လာနေတဲ့ ရထားလမ်းတွေပေါ်မှာ နေ့စဉ်ရထားစင်းရေ ၄၀၀ ကျော် ပြေးဆွဲလျက်ရှိပြီး နေ့စဉ် ခရီးသည်ပေါင်း ၂၂၀၀၀၀ ကျော် သယ်ပို့ပေးလျက်ရှိနေပါတယ်။

ဧရာဝတီတံတား(စင်းခန်း)နဲ့ ဧရာဝတီတံတား(ပခုက္ကူ)တို့ဟာ ကား၊ ရထားနှစ်မျိုးလုံး အသုံးပြုနိုင်တဲ့ တံတားကြီးတွေဖြစ်ပြီး မီးရထားလမ်းကွန်ရက်နဲ့သာမက မော်တော်ကားလမ်းကွန်ရက်တွေနဲ့ပါ ဆက်စပ်နေပါတယ်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအမျိုးမျိုးရှိတဲ့အနက် မြန်မာနိုင်ငံမှာ မော်တော်ကားနဲ့ သယ်ပို့နေတဲ့ ကုန်းလမ်းခရီးကဏ္ဍဟာ ပမာဏ ကြီးမားလှပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ မော်တော်ကားလမ်းအပိုင်းမှာလည်း အင်တိုက်အားတိုက် တွန်းအားပေး ဆောင်ရွက်ပေးခဲ့တာကို တွေ့နိုင်ပါတယ်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေး မြင့်မားခြင်းနဲ့ ချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ဖြစ်ထွန်းစေတယ်လို့ အလေးအနက်ခံယူပြီး နိုင်ငံတစ်ဝန်းလုံးမှာ ကျေးရွာချင်းဆက်လမ်းတွေ၊ ကျေးလက်နဲ့ မြို့ပြ ဆက်သွယ်တဲ့လမ်းတွေ၊ ခရိုင်ချင်းဆက်လမ်းတွေ၊ ပြည်နယ်/တိုင်းချင်းဆက်သွယ်တဲ့လမ်းတွေ၊ အမြန်လမ်းမကြီးတွေကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့ပါတယ်။ လမ်းများအဆင့်မြှင့်တင်ပေးရေးအပိုင်းကိုလည်း တွန်းအားပေး ဖော်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ၁၉၈၈ခုနှစ်တုန်းက လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်သာ ရှိရာကနေ အခုဆိုရင် လမ်းမိုင်ပေါင်း ၄၁၇၀၀ကျော် ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီလမ်းတွေအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းမိုင်ပေါင်း ၃၉၄၀၀ ကျော်ကိုလည်း ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီရထားလမ်း၊ ကားလမ်းတွေနဲ့ ဆက်စပ်ပြီး ပေ ၁၈၀အထက် ကားလမ်း၊ တံတားစုစုပေါင်း ၂၃၂စင်း၊ မီးရထားလမ်းတံတားပေါင်း ၅၅စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းပြီး အမြန်လမ်းမကြီး စီမံကိန်းများကို အကောင်အထည်ဖော်လျက် ရှိပါတယ်။ ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနဲ့ ဆက်သွယ်မယ့် အာရှလမ်းမကြီး (Asian Highways)၊ အာဆီယံနိုင်ငံများနဲ့ဆက်သွယ်မယ့် အာဆီယံလမ်းမကြီး (ASEAN Highways)၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီးများ (Greater Mekong Subregion Economic Corridors)၊ ဘင်းမ်စတက်ခ်လမ်းမကြီး (BIMSTEC Highways)၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မယ့် လမ်းမကြီး (India-Myanmar-Thai Tripartite Highway)၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့-အနောက် စီးပွားရေးဇုန်လမ်းမကြီး (GMS, East-West Economic Corridor Highway)၊ မဲခေါင်မြစ်ဝှမ်းဒေသ မြောက်-တောင် စီးပွားရေးဇုန်လမ်းမကြီး (GMS, North-South Economic Corridor Highway)၊ အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မယ့်လမ်းမကြီး ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေးနဲ့ ကုလားတန်မြစ်ကြောင်းပြုပြင်ရေး စီမံကိန်းများကို အစီအစဉ်ကျကျ ပူးပေါင်းဆောင်ရွက်လျက်ရှိတာ တွေ့နိုင်ပါတယ်။

အာရှလမ်းမကြီးအနေနဲ့ အမှတ်-၁၊ အမှတ်-၂၊ အမှတ်-၃နဲ့ အမှတ်-၁၄ဆိုပြီး လေးခုရှိပါတယ်။ အာဆီယံအဝေးပြေးလမ်းမကြီးအဖြစ် သတ်မှတ်ထားတဲ့လမ်းကြောင်းက ခြောက်ခုရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အာဆီယံလမ်းကွန်ရက်မှာ ရန်ကုန်-ဘုရားကြီး-မန္တလေး-တမူးလမ်း၊ ဘုရားကြီး-ဘားအံ-မြဝတီလမ်း၊ မန္တလေး-သီပေါ-လားရှိုး-မူဆယ်လမ်း၊ မန္တလေး-မိတ္ထီလာ-လွိုင်လင်-ကျိုင်းတုံ-တာချီလိတ်လမ်း၊ ကျိုင်းတုံ-မိုင်းလားလမ်း၊ သထုံ-မော်လမြိုင်၊ မြိတ်-ထားဝယ်-ကော့သောင်းလမ်း၊ ထားဝယ်-ဆင်ဖြူတောင်-ကန်ချနဘူရီလမ်းတို့ ပါဝင်နေပါတယ်။ ထိုင်း၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်လျက်ရှိတဲ့ အာရှ/အာဆီယံလမ်းမကြီးတွေဖြစ်တဲ့ မြဝတီ-တမူး၊ တာချီလိတ်-မိတ္ထီလာ၊ ကျိုင်းတုံ-မိုင်းလားနဲ့ မန္တလေး-မူဆယ်တို့ဟာ အဓိကကျတဲ့ လမ်းမကြီးတွေဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးတွေနဲ့လည်း နေရာတော်တော်များများ တစ်ထပ်တည်း ကျရောက်နေတာကို တွေ့နိုင်ပါတယ်။

ဒီနိုင်ငံတကာလမ်းမကြီးများဟာ တစ်ထပ်တည်းကျရောက်နေတာများရှိသလို တစ်လမ်းနဲ့တစ်လမ်း လာရောက်ပေါင်းစုံနေတာ၊ ခွဲဖြာထွက်သွားတာများနဲ့ တကယ့်ကို သွေးကြောများ ယှက်နွယ်သလို အင်မတန်ကြီးမားတဲ့ လမ်းကွန်ရက်ကြီး ဖြစ်နေတာ အမှန်ပါပဲ။ လမ်းများကို အသုံးချမှုအပေါ်မူတည်ပြီး မဟာဗျူဟာလမ်းမကြီး (Strategic Highway)၊ စီးပွားရေးပင်မလမ်းမကြီး (Primary Highway)၊ အမြန်လမ်းမကြီး (Expressway)စသဖြင့် ခွဲခြားသတ်မှတ်ထားတာကိုလည်း တွေ့နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒေသတွင်း နိုင်ငံတွေနဲ့ ဆက်သွယ်ပေးတဲ့ အာရှ/အာဆီယံလမ်းမကြီးများ အပါအဝင် ပြည်ပနဲ့ချိတ်ဆက်တဲ့ Highway လမ်းမကြီးများ ဒေသတွင်းနိုင်ငံများနဲ့ စီးပွားကုန်သွယ်မှုမှာရော၊ သယ်ယူပို့ဆောင်မှုနဲ့ အပြန်အလှန် ကူးလူးဆက်ဆံမှုမှာပါ ရေရှည် အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှာ မလွဲဧကန်ပဲ ဖြစ်ပါတယ်။

အတိတ်သမိုင်းကို ပြန်ကြည့်ရင် ကိုလိုနီနယ်ချဲ့တို့ဟာ မြန်မာနိုင်ငံကို နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ခဲ့ပေမယ့် သူတို့အတွက် စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ အကျိုးအမြတ် ဖြစ်ထွန်းနိုင်မယ့် အခြေခံအဆောက်အအုံ အနည်းငယ်ကိုသာ တည်ဆောက်ခဲ့ပြီး တိုင်းရင်းသားလူမျိုးအချင်းချင်း အနေဝေးအောင်၊ ဆက်ဆံမှုကျဲအောင် တမင်ဖန်တီးခဲ့တဲ့အတွက် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး ချို့ငဲ့အားနည်းခဲ့တာ အထင်အရှားပါပဲ။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေး ချို့ငဲ့ခဲ့တဲ့ ဒေသများဟာ ဖွံ့ဖြိုးတိုးတက်မှုမှာ ကြွင်းကျန်နေခဲ့ပြီး အခြားဒေသများထက် များစွာနိမ့်ကျနေခဲ့ရတာကို လက်တွေ့မြင်တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရဟာ တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှုမှာ ကြွင်းကျန်နေခဲ့တဲ့ ဒေသတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာအောင်၊ တောင်တန်းမြေပြန့်၊ မြစ်ကူးချောင်းခြား အစွန်အဖျား ဒေသများပါမကျန် အားလုံး ရေမြေတစ်ဆက်တစ်စပ်တည်းဖြစ်လာအောင် လမ်းတံတားအခြေခံများကို ဒီလို မဟာဗျူဟာကျကျ အကွက်ချပြီး အလုံးအရင်းနဲ့ တည်ဆောက်ပေးနေခြင်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ စေတနာက မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံး စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရန်၊ စိတ်အေးချမ်းမြေ့ လုံခြုံစွာ ကူးလူးဆက်သွယ် သွားလာနိုင်စေရန်နဲ့ ခေတ်ကာလနဲ့အညီ ကုန်စည်ကူးသန်းရောင်းဝယ် ပို့ဆောင်နိုင်စေရန်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်များပဲ ဖြစ်ပါတယ်။ အမျိုးသားရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသ အစိတ်အပိုင်းတွေအားလုံး ဆူကြံ့နိမ့်မြင့် ကွာဟချက် ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ပညာရေးအရ၊ ကျန်းမာရေး အခြေခံအရ၊ ဖွံ့ဖြိုးမှုအရ ညီညွတ်မျှတလာမှုနဲ့အတူ လူမှုအရည်အသွေး၊ စိတ်ဓာတ်၊ ခံယူချက်အားလုံး တစ်သားတည်းဖြစ်လာအောင် ရည်စူးဆောင်ရွက်ပေးနေခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် **နိုင်ငံတော်အကြီးအကဲရဲ့ ကျယ်ပြန့်ထက်မြက်လှတဲ့ အမြော်အမြင်၊ ကြီးမားထက်သန်လှတဲ့ လုံ့လဥဿာဟ၊ စစ်မှန်နက်ရှိုင်းလှတဲ့ စေတနာ၊ မေတ္တာတွေနဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး လက်တွေ့ကျလှတဲ့ လုပ်ငန်းလမ်းညွှန်ချက်များနဲ့အညီ ဒီနေ့ ပြည်တွင်းမှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးအောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ကြံဆောင်ကြိုးပမ်းဆောင်ရွက်ရင်း အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ နိုင်ငံတကာ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။** ဒီလိုအခြေအနေမျိုးမှာ နိုင်ငံတော်ရဲ့ ကားလမ်း၊ ရထားလမ်းကဏ္ဍ မြှင့်တင်ဖော်ဆောင်မှုများဟာ နိုင်ငံတော်ရဲ့ မွန်မြတ်မြင့်မားတဲ့ အနာဂတ်ရည်မှန်းချက်တွေ ပြည့်မြောက်အောင်မြင်စေရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ ထောက်ကူပံ့ပိုး ဖော်ဆောင်ပေးနိုင်မှာ မလွဲမသွေပင် ဖြစ်ပါကြောင်း မှတ်တမ်းပြု တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတော်အစိုးရရဲ့ စေတနာက မိမိနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံး စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရန်၊ စိတ်အေးချမ်းမြေ့ လုံခြုံစွာ ကူးလူးဆက်သွယ်သွားလာနိုင်စေရန်နဲ့ ခေတ်ကာလနဲ့အညီ ကုန်စည်ကူးသန်းရောင်းဝယ် ပို့ဆောင်နိုင်စေရန်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်များပဲ ဖြစ်ပါတယ်။ အမျိုးသားရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ပြည်ထောင်စုကြီးရဲ့ နယ်မြေဒေသ အစိတ်အပိုင်းတွေအားလုံး ဆူကြံ့နိမ့်မြင့် ကွာဟချက် ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ပညာရေးအရ၊ ကျန်းမာရေး အခြေခံအရ၊ ဖွံ့ဖြိုးမှုအရ ညီညွတ်မျှတလာမှုနဲ့အတူ လူမှုအရည်အသွေး၊ စိတ်ဓာတ်၊ ခံယူချက်အားလုံး တစ်သားတည်းဖြစ်လာအောင် ရည်စူးဆောင်ရွက်ပေးနေခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

17-12 (08-09).pmd 2 12/17/2009, 12:47 PM

ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်တပ်ကုန်း၌ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

၂၀၀၉ခုနှစ်ဒီဇင်ဘာလ ဒုတိယပတ် လူထုအားကစားလ လှုပ်ရှားမှုအနေဖြင့် လူထုလမ်းလျှောက်ပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၂ရက် နံနက် ၅နာရီခွဲက မြို့နယ်အား/ ကာ ဦးစီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းရှေ့မှ စတင်ကာ ကျားသေအိုင်ကျေးရွာအထိ လမ်းလျှောက်ခဲ့ရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အား/ကာ ဦးစီးအရာရှိ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဌာနဝန်ထမ်းများနှင့်ကျောင်းသား ကျောင်းသူများ၊ ပြည်သူများစုစုပေါင်း အင်အား ၂၉၀၀ကျော်တို့ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ဝဲပုံ)**

(ဝ၉၁)

ယခုအပတ်ထုတ်ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၆၉၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း ၃၉လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အိန္ဒိယနိုင်ငံ ရှော့ခ်ီတပွဲတော်သို့ အင်ပါယာတေးဂီတအဖွဲ့ ပထမဆုံးသွားရောက်ဖျော်ဖြေ၊ မြန်မာနိုင်ငံရှိ အကျဉ်းထောင် အားလုံး၌ သောက်ရေသန့်စက်များ တပ်ဆင်သွားမည်ဟုဆို၊ ဒုတိယအကြိမ် ကိုကိုးကျွန်း လေ့လာရေးခရီးစဉ် မကြာမီထွက်ခွာမည်၊ ပခုက္ကူ ရွှေကူတံကဲ၏ ယဉ်ကျေးမှုအနုပညာလက်ရာကို ကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားနေ၊ နေပြည်တော်တွင် ကျင်းပမည့် ကားလေလံပွဲ၌ မော်ဒယ်မြင့်ကားများပါဝင်မည်၊ အမြှာပူးလေးလိုချင်တယ်ဆိုတဲ့ ဇင်ဇင်ဇော်မြင့်၊ မိုးမြေချစ်သူဇာတ်လမ်းတွဲမှ မင်းသားနှင့် မင်းသမီးတို့ မြန်မာနိုင်ငံသို့ လာရောက်မည်၊ စင်ကာပူ၌ အိမ်ခြံမြေရင်းနှီးမြှုပ်နှံရန် မြန်မာတို့လည်း စိတ်ဝင်စားလျက်ရှိ၊ ပညာသင်ကြားဆဲအကျဉ်းသားများ အကျဉ်းထောင်အတွင်း၌ ဆက်လက်ပညာသင်ကြားခွင့်ရှိ၊ ဝါးလိုက်သည့် ပီကေပေါက်ကွဲမှုဖြစ်ပွားပြီး လူငယ်တစ်ဦးသေဆုံး၊ စူပါမားကတ်၌ ချော်လဲပြီး ကလေးပျက်ကျခဲ့သည့် အမျိုးသမီးက စူပါမားကတ်ကို တရားစွဲ၊ နော်ဝေ နိုင်ငံပေါ်၌ ခရုပတ်ခွေသဏ္ဍာန် အပြာရောင်အလင်းတန်းကြီး ဝဲနေခဲ့ခြင်းနှင့် ပတ်သက်၍ ...၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို အိုဘားမားလက်ခံရယူ၊ စိုက်ခင်းများအတွင်း၌ ထူးဆန်းလှသည့် ဧရာမစက်ဝိုင်းပုံစံကြီးများ တွေ့ရှိနေရ၊ ဦးနှောက်၏ညွှန်ကြားချက်အတိုင်း လှုပ်ရှားနိုင်သည့် စက်ရုပ်လက်ကို တီထွင်၊ အရပ်နှစ်ပေလေးလက်မသာရှိသည့် ကမ္ဘာ့အပုဆုံးမိခင်တတိယမြောက် ကလေးမွေးဖွား၊ ဟောင်ကောင်ကျွန်း၏ နှစ်ဆအရွယ်ရှိ ဧရာမ ရေခဲတုံးကြီး ဩစတြေးလျတောင်ပိုင်းသို့ ရွေ့လျားနေ၊ နီပေါဝန်ကြီးများ ဧဝရက်တောင်ပေါ်၌ ကမ္ဘာ့အမြင့်ဆုံး အစိုးရအဖွဲ့အစည်းအဝေးကျင်းပ၊ ထိုင်းနိုင်ငံတွင် ပြည်ပလေယာဉ် တစ်စင်းပေါ်၌ လက်နက်ခဲယမ်းအများဆုံးကို စံချိန်တင်ဖမ်းမိ၊ ခန္ဓာကိုယ်ထဲသို့ တီဗွီ အဝေးထိန်းခလုတ်တစ်ခုရောက်နေ၊ ချန်ပီယံလိဂ်ဘောလုံးပွဲ၌ ဂျာမန်ကိုးသမား လေးမန်း ယှဉ်ပြိုင်နေစဉ် အိမ်သာသွားခဲ့ရာ ဒိုင်လူကြီးမသိလိုက်၊ ကမ္ဘာ့ကြောက်စရာ အကောင်းဆုံး ရိုလာကိုစတာကို ဗြိတိန်၌ တည်ဆောက်နေ၊ မယ်ကမ္ဘာ ၂၀၀၉ သရဖူကို ဂျီဘရော်တာမယ် ရရှိ၊ အီတလီဝန်ကြီးချုပ် အစည်းအဝေးပွဲ၌ တိုက်ခိုက်ခံရ၍ ဒဏ်ရာရရှိ၊ ကမ္ဘာ့အကြီးဆုံး ရေအောက်ပြတိုက် တည်ဆောက်နေ၊ စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဖိလစ်ပိုင် အကျဉ်းထောင်မှ အကျဉ်းသား ၃၁ဦး လွတ်မြောက်သွား..... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)တာမွေ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၆

ယခင်ကျောက်မြောင်း အစိုးရအထက်တန်းကျောင်း ယခု အထက(၁)တာမွေတွင် (၁၉၅၄-၇၀)ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော အသက်(၇၀)နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယင်းကျောင်း ပင်လုံခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဦးတင်ရီ ဖုန်း-၀၁-၅၄၁၇၁၃၊ ဦးညွန့်တင် ဖုန်း-၀၁-၅၄၀၉၁၇၊ ဦးလှထွန်း ဖုန်း-၀၉-၅၄-၀၄၈၂၇၊ ဦးစိန်ဝင်းမောင် ဖုန်း-၀၁-၅၇၂၀၀၉၊ ဦးစိုးလွင် ဖုန်း-၀၁-၅၇၁၁၅၉၊ ဒေါ်ခင်မေဝိ ဖုန်း-၀၁-၆၆၆၆၇၄၊ ဒေါ်ခင်နီဝင်း ဖုန်း-၀၁-၂၂၇၁၅၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၂-၀၁၁၇၅၊ ဦးဝင်းမောင် ဖုန်း-၀၁-၅၄၆၃၉၄၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀-၅၀၀၄၂နှင့် ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်တင်ညွန့် ဖုန်း-၀၉-၈၇-၅၂၁၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မနောသုခစပါး စံကွက်ရိတ်သိမ်း

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်နှင့်ဒုတိယ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကြည်ဦးတို့ မြောင်းမြမြို့နယ် ကွယ်လွယ်ကျေးရွာအုပ်စု ကွင်းအမှတ် ၂၀၆(က) ဦးပိုင်အမှတ် ၆၄/၂ ဧရိယာ ၉ဒသမ၁၀ဧကရှိ တောင်သူဒေါ်သန်းသန်းမြင့် စိုက်ပျိုးထားသော မနောသုခစပါး စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးကြစဉ်။

(သတင်းစဉ်)

ဦးလှကြီးအား ရည်စူး၍ အမှတ်(၅၃၆)ဉယျာဉ်လမ်း ပေါက်တောအင်းစိန်မြို့နယ်နေ ဒေါ်မြကြည် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ထာဝရ ဆွမ်းဆေး၊ ပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။

(သတင်းစဉ်)

မုန်တိုင်းငယ်အားပျော့ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အားပျော့ကာ လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

Keen Cie ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းဖွင့် ကျန်းမာရေး ပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

Keen Cie ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲနှင့် ကျန်းမာရေး ပညာပေး ဟောပြောဆွေးနွေးပွဲများကို ဒီဇင်ဘာ ၁၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ချတ်ထရီရန်ဟိုတယ်၌ ကျင်းပရာ ဆရာဝန်ကြီးများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆီးချို၊ သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက် စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ကျန်းမာအောင်နေထိုင်ခြင်းဖြင့် ကူးစက်မဟုတ်သောရောဂါများကို ကာကွယ်ခြင်း ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောပြီး Keen Cie ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း MD ဒေါက်တာကျော်မင်း **(အောက်ပုံ)** က Keen Cie ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းဖွင့်လှစ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ဖြေကြားသည်။

Keen Cie ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းတွင် မိသားစုသဖွယ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်၊ KC ဆေးခန်း၊ အိမ်တိုင်ရာရောက် ဆေးကုသမှုပေးခြင်း၊ ဆေးကုသမှုခံယူသူများအတွက် ကူညီဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု၊ အိမ်တိုင်ရာရောက် သူနာပြုဝန်ဆောင်မှု၊ Medical Tourism Adviser, Dietary Adviser လုပ်ငန်းများကို သင့်တင့်မျှတသော၊ လူအများစု တတ်နိုင်သောနှုန်းထားဖြင့် ဝန်ဆောင်မှုကို အမှတ် (၆၇/ B) မွှေးရုံလမ်း မြေနီကုန်း (မြောက်) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားရှိ ဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

KC နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် မိမိ၏ကျန်းမာရေးအခြေအနေကို ကောင်းစွာသိရှိနိုင်ပြီး ရောဂါဖြစ်ရန် အလားအလာကာကွယ်ခြင်းနှင့် စောစီးစွာ ကုသခြင်း၊ အဆင်ပြေချောမွေ့သော ကုသခြင်းအစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်း၊ အချိန်နှင့်ကုန်ကျစရိတ်သက်သာခြင်းနှင့် ပိုမိုကျန်းမာအသက်ရှည်စေရန် လိုက်နာနေထိုင်ရမည့် တစ်ဦးချင်းစီအတွက် သီးသန့် နည်းလမ်းများကို သိရှိခြင်း၊ လုံခြုံစိတ်ချရသော လွတ်လပ်စွာ တိုင်ပင်ဆွေးနွေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးမှုများကို ရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပြီး KC နှင့်ဆက်သွယ်ဆောင်ရွက်လိုလျှင် ဖုန်း-၀၁-၅၀၂၇၆၁၊ Fax(၉၅)၁-၅၀၂၇၆၁ www. kencie.com.၊contact@keecie.com တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် အသိပေးကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၆

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ရေနံရှာဖွေရေးတွင်းသုံးတွင်းကို ရေနံတွင်းတူးစက် Actinia ဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၇ရက်မှ မေ ၃၁ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

ရေနံတွင်းတူးစက် Actinia ဖြင့် တူးဖော်မည့် ရေနံတွင်းများ၏ တည်နေရာများမှာ Appraisal Well Zawtika-9 ရေနံတွင်း Point-A မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၆မိနစ် ၁၄ဒသမ၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၂မိနစ် ၄၇ဒသမ၈စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၆မိနစ် ၁၄ဒသမ၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၅မိနစ် ဝ၅ဒသမ၉စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၄မိနစ် ဝ၂ဒသမ ဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၅မိနစ် ဝ၅ဒသမ၉စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၄မိနစ် ဝ၂ဒသမဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၂မိနစ် ၄၇ဒသမ ၈စက္ကန့် အတွင်း၌လည်းကောင်း၊ Appraisal Well Kakonna-4 ရေနံတွင်း Point-A မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၅မိနစ် ၂၆ဒသမ၇စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၆ဒီဂရီ ဝ၈မိနစ် ၂၇ဒသမ ၂စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၅မိနစ် ၂၆ ဒသမ၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁ဝမိနစ် ၄ဝဒသမ ၇စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၃မိနစ် ၁ဝဒသမဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁ဝမိနစ် ၄ဝ ဒသမ ၇စက္ကန့် ၊ Point-D မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၁၃မိနစ် ၁ဝဒသမဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ဝ၈မိနစ် ၂၇ဒသမ ၂စက္ကန့် အတွင်း၌လည်းကောင်း၊ Exploratory Well ရေနံတွင်း Point-A မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၃မိနစ် ၂၇ဒသမ၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၄မိနစ် ၂၇ဒသမ ၇စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၃မိနစ် ၂၇ဒသမ၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၆မိနစ် ၅၂ဒသမ ၄စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၁မိနစ် ၁၅ဒသမဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၆မိနစ် ၅၂ဒသမ ၄စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ဝ၁မိနစ် ၁၅ဒသမ ဝစက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၄မိနစ် ၂၇ဒသမ ၇စက္ကန့်အတွင်းတို့၌ ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် N-9 တွင် ရေနံရှာဖွေရေးတွင်းသုံးတွင်းကို ရေနံတွင်းတူးစက် "Actinia"ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ ရေနံတွင်းတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်္ဂလန်နဲ့ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၁၆

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကို အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့အခါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့နောက်ဆုံး ပွဲစဉ်တွေကို လက်ခံကျင်းပမယ့် အင်္ဂလန်နိုင်ငံရဲ့ မြို့ကြီး ၁၅မြို့ရဲ့ စာရင်းကို ဒီဇင်ဘာ ၁၆ရက်က စာရင်းထုတ်ပြန်လိုက်ပါတယ်။

လက်ခံကျင်းပမည်

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံအဖြစ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အခုဒီဇင်ဘာလမကုန်မီမှာ တရားဝင်သတင်းထုတ်ပြန်မှာမို့ သေချာလုနီးပါးဖြစ်နေတဲ့ အင်္ဂလန်နိုင်ငံဟာ ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ဘောလုံးပွဲကျင်းပမယ့် မြို့ကြီးတွေစာရင်းကို အင်္ဂလန်နိုင်ငံရဲ့ ကမ္ဘာ့ဖလားကျင်းပရေးကော်မတီက ထုတ်ပြန်လိုက်ခြင်းဖြစ်ပါတယ်။

မြို့ကြီးများ

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပမယ့် အင်္ဂလန်နိုင်ငံရဲ့ မြို့ကြီးတွေကတော့ ဘာမင်ဂမ်၊ ဘရစ်စတိုလ်၊ ဒါဘီ၊ ဟူးလ်၊ လိဒ်၊ လီဆက်စတာ၊ လီဗာပူးမြို့ကြီးတွေအပြင် မန်ချက်စတာ၊ မီလ်တန်ကီးနက်စ်၊ နယူးကာဆယ်၊ တော့တင်ဟမ်၊ ပလိုင်းမောက်၊ရှက်ဖ်ဖီးလ်၊ဆန်းဒါးလန်းနဲ့အဲဗာတန်စတဲ့ မြို့ကြီးတွေဖြစ်ပါတယ်။

ဘောလုံးကွင်း

အဲဒီမြို့တွေမှာရှိတဲ့ ဘောလုံးကွင်းပေါင်း ၁၈ကွင်းကို ရွေးချယ်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်တွေကို လက်ခံကျင်းပပေးသွားဖို့ အင်္ဂလန်နိုင်ငံရဲ့ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီက ဆုံးဖြတ်ထားပါတယ်။

လန်ဒန်မြို့

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပမယ့် ဘောလုံးကွင်း ၁၈ကွင်းအနက် ဘောလုံးကွင်းလေးကွင်းကတော့ လန်ဒန်မြို့မှာရှိတဲ့ ဝင်ဘလေ၊ အီမာရိတ်စ်၊ ၂၀၁၂ခုနှစ် အိုလံပစ်အားကစားကွင်းနဲ့ စပါးအသင်းရဲ့ အသစ်တည်ဆောက်နေတဲ့ ဘောလုံးကွင်းတွေ ပဲဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံဟာ ၂၀၁၂ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပမယ့် ဘောလုံးကွင်းတွေဟာ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)ရဲ့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက



လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်းကို ဤသို့တွေ့ရသည်။

သတ်မှတ်ထားတဲ့ နိုင်ငံတကာ အဆင့်အတန်းနဲ့လည်း ညီညွတ်တဲ့အပြင် အဆင့်မီတဲ့ ဘောလုံးကွင်းတွေလည်းဖြစ်တယ်လို့ အင်္ဂလန်နိုင်ငံရဲ့ ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလား ကျင်းပရေးကော်မတီ တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

ခွင့်ပြု

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့အတွက် ဗြိတိသျှအစိုးရက ထောက်ပံ့ငွေပေါင် သန်း၃၀၀ ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ အဲဒီငွေကြေးဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပဖို့ ကြိုတင်ပြင်ဆင်မှုအတွက် လုံလောက်တဲ့ငွေကြေးပမာဏ ဖြစ်ပါတယ်။

မှတ်တမ်းတင်

အင်္ဂလန်ဟာ ကမ္ဘာ့ဘောလုံးအားကစားသမိုင်းတစ်လျှောက်မှာ ထင်ထင်ရှားရှား ပါဝင်ဆောင်ရွက်နိုင်ခဲ့တာမို့ ၂၀၁၈ခုနှစ် အင်္ဂလန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဟာလည်း အကြီးအကျယ်ဆုံး၊ အခမ်းအနားဆုံးနဲ့ ကမ္ဘာ့ပရိသတ် စိတ်ဝင်စားမှု အများဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးအဖြစ် မှတ်တမ်းတင်နိုင်အောင် ကြိုးစားသွားမယ်လို့ ဆိုနေပါတယ်။

ဒါကြောင့် ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ထူးခြားမှုအခြေအနေကို စောင့်ကြည့်ရမှာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

မန်ယူတို့ အိမ်ကွင်း၌ ဂိုးပြတ်အောင်ပွဲခံ ဗီလာက အာဆင်နယ်ကို ကျော်ပြီး တတိယနေရာရောက်

လန်ဒန် ဒီဇင်ဘာ ၁၆

ပရီမီယာလိဂ်ပွဲစဉ် (၁၇) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ ချန်ပီယံမန်ယူက အိမ်ကွင်း၌ ဂူလ်ဗာဟမ်တန်အသင်းကို ဂိုးပြတ်အနိုင်ရပြီး ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။



ပြီးခဲ့သော သီတင်းပတ်က စပါးကို အနိုင်ရလိုက်သည့် ဂူလ်ဗာဟမ်တန်အသင်းသည် မန်ယူကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်သွားသည်။ သို့သော်လည်း ဂူလ်ဗာဟမ်တန်တို့ နာရီဝက်ကြာသည့် တိုင်အောင် ဂိုးမပေးရရေး တောင့်ခံကစားနိုင်ခဲ့သည်။ ပွဲချိန်မိနစ် ၃၀တွင် ဂစ်ဆင်ကန်တင်သော ထောင့်ကန်ဘောကို ရိုနယ်ဒူတာ လက်ဖြင့်ထိကိုင်ခဲ့၍ ပယ်နယ်တီရခဲ့သည်။ ယင်းပယ်နယ်တီကို ရွန်နေကန်သွင်းယူခဲ့သည်။ မန်ယူအတွက် ဒုတိယမြောက်ဂိုးကို ဂစ်ဆင်ကန်တင်ပေးသော ဘောလုံးကို ဗီဒစ်ရပြီး ညာခြေ



မန်ယူအတွက် အဖွင့်ဂိုးကို ရွန်နေက ပယ်နယ်တီမှတစ်ဆင့် ဤသို့ သွင်းယူပေးခဲ့သည်။

ဖြင့် ကန်သွင်းရာ ဂိုးရရှိခဲ့သည်။ တတိယမြောက်ဂိုးကို ဖလက်ချာ ဖန်တီးပေးသော ဘောလုံးမှတစ်ဆင့် ဗလင်စီယာက ပွဲချိန် ၆၆မိနစ်တွင် သွင်းယူခဲ့သည်။

ဗီလာနိုင်ပွဲဆက်

ပြီးခဲ့သော သီတင်းပတ်က အိုးထရက်ဖို့ဒ်၌ မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော အက်စ်တွန်ဗီလာက ဆန်းဒါးလန်းအိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြန်သည်။ ဗီလာအတွက် အနိုင်ဂိုးများကို ဟတ်စကီးနှင့် မီလ်နာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အက်စ်တွန်ဗီလာတို့ ယင်းအနိုင်ပွဲကြောင့် အာဆင်နယ်ကို ကျော်ပြီး ရမှတ် ၃၂မှတ်ဖြင့်အမှတ်ပေးဇယားတတိယနေရာသို့ တက်လှမ်းလာသည်။

ဘာမင်ဂမ်ကအိမ်ကွင်း၌ ဘလက်ဘန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်၍ အမှတ်ပေးဇယား နံပါတ်ခြောက်သို့ ရောက်ရှိလာသည်။ ဘာမင်ဂမ်တို့ ယင်းအနိုင်ပွဲသည် ပရီမီယာလိဂ်တွင် ငါးပွဲဆက်တိုက် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လွတ်မြောက်

ဘောလ်တန်အသင်းသည် အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့၍ ပရီမီယာလိဂ်အမှတ်ပေးဇယားအောက်ဆုံး သုံးသင်းမှ လွတ်မြောက်သည်။ **(အင်တာနက်)**

ထိပ်သီးလေးသင်း စာရင်းဝင်ဖြစ်ရေး လီဗာပူးကြိုးစားမည်ဟု ဘင်နီတက်ဇ်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၁၆

လီဗာပူးအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီတွင် သရေပွဲနှင့် ရှုံးပွဲများ ထပ်နေသော်လည်း ထိပ်သီးလေးသင်းစာရင်းဝင်ဖြစ်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြရာဖေးလ်ဘင်နီတက်ဇ်က အာမခံပြောကြားလိုက်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ်(၁၆)အပြီး အမှတ်ပေးဇယား ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့်ရမှတ် ၁၃မှတ် ကွာခြားနေသည်။ အမှတ်ပေးဇယား နံပါတ် ခုနစ်နေရာ၌ ရှိနေသည်။ ထို့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှလည်း ထွက်ခဲ့ရပြီဖြစ်သည်။ ပြီးခဲ့သော သီတင်းပတ်က အာဆင်နယ်ကို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းရှုံးပွဲသည် ယခုနှစ်ရာသီအတွင်း ခြောက်ပွဲမြောက်ရှုံးပွဲဖြစ်သည်။ **(အင်တာနက်)**

လန်ဒန် အားကစားပြိုင်ပွဲ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်

လန်ဒန် ဒီဇင်ဘာ ၁၆

၂၀၁၂ခုနှစ် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲမှစပြီး အမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပရန် နိုင်ငံတကာ အိုလံပစ်ကော်မတီက စီစဉ် ထားသည်။ အဆိုပါ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများအပြင် နှစ်ယောက်တွဲပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဟု နိုင်ငံတကာအိုလံပစ်ကော်မတီက ကြေညာထားသည်။

ယင်းတင်းနစ်ပြိုင်ပွဲများကို ၂၀၁၂ ခုနှစ်တွင် လန်ဒန်မြို့ ဝင်ဘယ်လ်ဒန်မြက်ခင်းကွင်း၌ ကျင်းပမည်ဖြစ်ရသည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဆားဘီးယားခံစစ်မှူး ယူရိုစ်ကိုဆစ်အား မန်ယူစိတ်ဝင်စားလျက်ရှိနေ

မန်ယူအသင်းသည် ရုရှားအသင်းစီအက်စ်ကေအေမော်စကိုမှ ဆားဘီးယား ခံစစ်မှူး ယူရို့စ်ကိုဆစ်အား ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ဆန်းဒါးလန်းနည်းပြ စတိုဗ်ဘရစ် ဝီဂန်ခံစစ်မှူး ဗီဂွိယိုအာကို ခေါ်ယူရေးစီစဉ်နေ

ဆန်းဒါးလန်းနည်းပြ စတိုဗ်ဘရစ်သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် ဝီဂန်မှ ပေါင်လေးသန်းတန် ခံစစ်မှူး မေနော်ဗီဂွီယိုအာကို ခေါ်ယူရန် စီစဉ်နေကြောင်း သတင်း၌ဖော်ပြသည်။

အာဆင်နယ်အသင်း ခံစစ်မှူး ဆီဗက်စတာ ရာသီအကုန်တွင် အသင်းမှ ထွက်ခွာဖွယ်ရှိ

ယခု ဘောလုံးရာသီအကုန်တွင် အာဆင်နယ်ခံစစ်မှူး ဆီဗက်စတာသည် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိသည်ဟု ဆိုသည်။

ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ် ချီလီခံစစ်မှူး ဝယ်လ်ဒိုပွန့်စ်အား ခေါ်ယူရေးစဉ်းစားနေ

ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်သည် အာဂျင်တီးနားအသင်း ဗီလက်ဇ်ဆာဖီးလ်တွင် ကစားနေသော ချီလီခံစစ်မှူး ဝယ်လ်ဒိုပွန့်စ်အား ခေါ်ယူရန် စဉ်းစားနေကြောင်း သတင်း၌ ဖော်ပြသည်။

စပိန်လာလီဂါမှ ရီးရဲမက်ဒရစ်အသင်း ဗီလာခံစစ်မှူး ကူယယ်လာအားခေါ်ယူလို

စပိန်လာလီဂါမှ ရီးရဲမက်ဒရစ်အသင်းသည် ပရီမီယာလိဂ်အသင်း အက်စတွန်ဗီလာမှ စပိန်ခံစစ်မှူး ကားလို့စ်ကူယယ်လာအား ခေါ်ယူလို သည်ဟုဆိုသည်။

ဝက်စ်ဟမ်းဂိုးသမား ရောဘတ်ဂရီးအား ချယ်လ်ဆီးခေါ်ယူရန်စီစဉ်နေ

ချယ်လ်ဆီးအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ဝက်စ်ဟမ်း ဂိုးသမား ရောဘတ်ဂရီးအား ခေါ်ယူရန် စီစဉ်နေသည်။

စပါးတောင်ပံကစားသမား ဒေးဗစ်ဘင့်တလေ လာမည့်ဇန်နဝါရီ၌ အသင်းမှ ထွက်ခွာဖွယ်

စပါးတောင်ပံကစားသမားဘင့်တလေသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

ဝက်စ်ဟမ်းကွင်းလယ်မှ စကော့ပါကာအား ခေါ်ယူရေး လီဗာပူးနည်းပြ ဘင်နီတက်ဇ် ကမ်းလှမ်းမည်

ဝက်စ်ဟမ်းအသင်းတွင် နေရာမရဖြစ်နေသော ကွင်းလယ်ကစားသမား စကော့ပါကာအား လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမည်ဟုဆိုသည်။

စပိန်လာလီဂါ ထိပ်သီးအသင်းဘာစီလိုနာ ခရစ္စတယ်ပဲလေ့စ်မှ မိုဆက်စ်အား ကမ်းလှမ်း

စပိန်လာလီဂါထိပ်သီး ဘာစီလိုနာသည် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၁၉နှစ် အရွယ်ရှိ တိုက်စစ်မှူး ဗစ်တာမိုဆက်စ်အား ပေါင်းသုံးသန်းခွဲဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း၊ ၎င်းအား ဆန်းဒါးလန်း၊ ဝီဂန်နှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးစတား၌ ဖော်ပြသည်။

အေစီမှ ဟန်တယ်လာနှင့် ကာဒစ်မှ မက်သရူး မန်ယူနှင့် ဆက်သွယ်ဆွေးနွေးမှုများပြုလုပ်နေ

အေစီမီလန် တိုက်စစ်မှူး ဟန်တယ်လာနှင့် ကာဒစ်ခံစစ်မှူး အဒမ်မက်သရူးတို့သည် မန်ယူအသင်းသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊
အမှတ် ၃၂ နေ
ဦးတင်မြင့် M.D (Bronze Billa Co.,Ltd) CEC (UMFCCI)-
ဒေါ်ခင်အုန်းမြင့် Director (Bronze Billa Co.,Ltd) တို့၏သား
မောင်စည်သူမောင် B.Sc (Maths:)
(NICE DAY HOTEL)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၆ လမ်း၊ အမှတ် ၁၇ နေ
ဒေါက်တာမောင်မောင်အေး (Professor of Medicine & Health Science,
University of Putra Malaysia,K.L)-ဒေါ်စုစုခင်တို့၏
တစ်ဦးတည်းသောသမီး
မခင်ယုဇနအေး B.A(English)
Dip.in Accounting (U.K)
Dip.in Computerized Accounting (U.K)
Certified Account Technology (C.A.T)

တို့၏ ၁၂-၁၂-၂၀၀၉ရက်တွင် Sedona Hotel (Grand Ballroom) ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း) နှင့်ဇနီးဒေါ်ခင်ချိုဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေးတို့အား လည်းကောင်း၊ မင်္ဂလာလက်ဆောင်များပေးပို့ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးဒေါ်ကြည်ကြည်အုန်းတို့အား လည်းကောင်း၊၆-၁၁-၂၀၀၉ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ တေးဂီတဖြင့် ဖျော်ဖြေပေးသော အင်ပါယာတေးဂီတအဖွဲ့၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင်စိုးစန္ဒာထွန်း၊ မင်္ဂလာပန်းကြဲပေးသော မမေမြတ်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမေဖြူကြည်၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မသဲသဲသက်နှင်းဦးနှင့် မောင်ဘုန်းသန့်ကိုကို၊ သတို့သားအရံ မောင်ရဲနောင်၊ မောင်ဉာဏ်ထူးအောင်နှင့် သတို့သမီးအရံ မခင်မီမီလှိုင်နှင့်မစန္ဒီမိုးသဲဖြူ၊ ဆံပင်မိတ်ကပ် အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မေတ္တာဖြင့် စိန်ရတနာများ အလှဆင်မြန်းပေးပါသော ဦးဘွန်စိန်နှင့်ဇနီးဒေါ်ချိုချိုလွင်၊ မင်္ဂလာဝတ်စုံ ဒီဇိုင်နာပြည်စိုးအောင်၊ ဒီဇိုင်နာယုံးယုံး၊ လိုအပ်သည်များကို ကူညီပေးပါသော Sedona Hotel မန်နေဂျာနှင့်ဝန်ထမ်းများအား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူမောင်-မခင်ယုဇနအေး။

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိုးညွန့်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း)-ဒေါ်ခင်မေကြည်
တို့၏သား
မောင်ရဲမင်းစိုး
Area Manager (Myanmar Brewery Ltd.)
B.Sc (Botany) (YU), 2nd Year EMBA (YIE)
နှင့်
ရန်ကုန်မြို့နေ
ဦးဝင်းမောင်(မန်နေဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ)-ဒေါ်တင်တင်အေး
တို့၏သမီး
မနီလာဝင်းမောင်
Assistant to the Director (Myanmar Atlantic Co.,Ltd.)
M.Sc (Engineering Physics) (YU), MPA(YIE)

တို့၏ ၉-၁၂-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် Park Royal Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအား လည်းကောင်း၊ ၁၆-၁၂-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် Sedona Hotel (Grand Ballroom) ၌ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဦးမြင့်လွင်ညိုနှင့် ဇနီးဒေါက်တာခင်ပြုံးကြည် [ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန]၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာရဲမြင့်(နှလုံးနှင့်သွေးကြောရောဂါ အထူးခွဲစိတ်ကုဆရာဝန်ကြီး)နှင့်ဇနီးဒေါက်တာခင်လေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးနေဝင်း (ဥက္ကဋ္ဌ၊ မြန်မာဘရူဝါရီလီမိတက်)နှင့် ဇနီးဒေါ်သီရိအောင်၊ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ချိုဇင်ဌေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော ခင်ချောစုဝင်းမောင်၊ သတို့သားအရံ နေမျိုးဝင်းအောင်နှင့် အေးချမ်းအာကာ၊ သတို့သမီးအရံ သရဖီနှင့် ခင်လေးနွယ်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ဆင်မြန်းပေးပါသော မမ္ဗူ(Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ကိုမျိုးမင်း (D&D)နှင့်အဖွဲ့၊ မင်္ဂလာပန်းများအလှဆင်ပေးသော(Eternal Floral Service)၊ ၁၆-၁၂-၂၀၀၉ ရက် ညနေပိုင်းတွင် Sedona Hotel (Poolside)၌ ကျင်းပပြုလုပ်ခဲ့သည့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတစ်ရပ်လုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော သူငယ်ချင်းများနှင့်တကွ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းစိုး-မနီလာဝင်းမောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဒုတိယအကြိမ်မြောက် M.E/M.Archဘွဲ့နှင့် ဆဋ္ဌမအကြိမ်မြောက် B.E/B.Arch နှင့် B.Techဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ ကောလိပ်များရှိ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၁၃-၃-၂၀၁၀ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၄-၃-၂၀၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက် ဘွဲ့ယူနိုင်သည်။
(က) စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သည့် M.E/M.Arch သင်တန်းသို့ တက်ရောက်ခဲ့၍ International/National Paper ရရှိပြီး M.E/M.Arch အောင်မြင်ပြီးသူများ
(ခ) ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်သူများ၊

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်။
(က) **တက်ရောက်ဘွဲ့** - M.E/M.Arch/B.E/B.Arch ဘွဲ့အတွက် ငွေကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
B.Tech ဘွဲ့အတွက် ငွေကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာနှင့်အတူပေးသွင်းရန်
(ခ) **အဝေးရောက်ဘွဲ့** - M.E/M.Arch/B.E/B.Arch ဘွဲ့အတွက်
ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)
B.Tech ဘွဲ့အတွက် ကျပ် ၅၀၀(ကျပ်ငါးရာတိတိ)
လျှောက်လွှာနှင့်အတူပေးသွင်းရန်

၄။ ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ) အရွယ် ဓာတ်ပုံငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်း မပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၁-၂-၂၀၁၀ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင် တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက် ။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့် သက်မွေးပညာဦးစီးဌာန။

ဘားအံကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၆

ဘားအံကောလိပ်တွင် ၁၉၈၁မှ ၁၉၈၇ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက ဘားအံကောလိပ်တွင် ၁၉၈၁မှ ၁၉၈၇ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာဆရာမများအား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဘားအံမြို့ ဘားအံတက္ကသိုလ်ခန်းမ(၁)၌ ကျင်းပမည်ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်း များနှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူ ကျောင်းသားကျောင်းသူဟောင်းများသည် ကိုအောင်တင်ထူး ဖုန်း-၀၉-၅၆-၆၀၇၀၆၊ ကိုခင်ရှိန် ဖုန်း-၀၉-၅၆-၆၂၀၀၉၊ ကိုသိန်းနိုင် ဖုန်း-၀၉-၈၇-၃၀၂၁၀၊ ကိုသန်းနိုင် ဖုန်း-၀၉-၈၇-၃၀၂၆၇၊ ကိုမြင့်ဝေ ဖုန်း-၀၅၈-၄၀၆၇၈၊ ကိုနေဆန်း ဖုန်း-၀၅၈-၄၀၂၆၃၊ ကိုထွန်းလွင် ဖုန်း-၀၅၈-၄၀၃၇၉၊ ကိုစိုးသိန်း ဖုန်း-၀၅၈-၄၀၆၂၁၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၆-၇၀၂၇၅၊ မကေသီသွင် ဖုန်း-၀၅၈-၅၀၆၄၂၊ ကိုကျော်စိုး ဖုန်း-၀၉-၅၁-၃၄၁၅၅၊ ကိုတင့်ဦး-မသက်သက်ဝင်း ဖုန်း-၀၁-၃၉၄၇၀၂၊ ၀၉-၅၃-၁၂၅၃၉၊ ကိုတာ ဖုန်း-၀၉-၅၁-၁၇၁၂၄နှင့် နော်သဇင်ကျော် ဖုန်း-၀၉-၅၁-၇၆၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဘားအံမြို့ အာစရိယပူဇော်ပွဲသို့ လိုက်ပါလိုသော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒီဇင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ကိုတာ ဖုန်း-၀၉-၅၁-၁၇၁၂၄သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

၅၅-၆၀ ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမား ဟိန်းလတ်ဇော်။ (အား/ကာ)

မြန်မာအားကစားအဖွဲ့

ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ရှစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၆

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ၈ ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပနေသော (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အနေဖြင့် အမျိုးသမီးအသင်းအလိုက် မြားပစ်(ကွန်ပေါင်း) ပစ်ခတ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု၊ ၅၅-၆၀ကီလိုတန်း ဂျူဒိုပြိုင်ပွဲတွင် ဟိန်းလတ်ဇော်က ရွှေတံဆိပ်ဆု၊ ဝူရှူးအမျိုးသမီး

(နန်းချွမ်) ပြိုင်ပွဲ၌ စန္ဒီဦး၊ တစ်ဦးချင်း အမျိုးသား ဘိလိယက်ပြိုင်ပွဲ၌ ကျော်ဦး၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ကေခိုင်လွင်နှင့် အမျိုးသား ၆၀-၆၆ ကီလိုတန်း ဂျူဒိုပြိုင်ပွဲ၌ စောမိုင်စံ **(အောက်ဝဲပုံ)**တို့က ငွေတံဆိပ်ဆုများကို အသီးသီး ဆွတ်ခူးပေးခဲ့ကြသည်။

ထို့အတူ ဝူရှူးအားကစားနည်း အမျိုးသမီး(နန်းချွမ်) ပြိုင်ပွဲ၌ အိမ့်မိမိနှင့် သက်သက်နိုင်၊ အမျိုးသားဂျူဒိုပြိုင်ပွဲ ၄၀-၄၅ ကီလိုတန်း၌ ဆယ်လ်ဝီး၊ ၇၃-၈၁ ကီလိုတန်း၌ အောင်မိုး၊ ၅၀-၅၅ ကီလိုတန်း၌ ကပ်ချင်းပေါင်၊ ဝူရှူး အမျိုးသား (နန်းချွမ်)ပြိုင်ပွဲ၌ စိုးကျော်၊ အမျိုးသား အသင်းလိုက် မြားပစ်(ရီကပ်) ပစ်ခတ်စဉ်ပြိုင်ပွဲနှင့် အမျိုးသမီးအသင်းလိုက် မြားပစ် (ရီကပ်) ပစ်ခတ်စဉ် ပြိုင်ပွဲတို့၌ မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့တို့က အသီးသီး ကြေးတံဆိပ်များကို ဆွတ်ခူးပေးခဲ့ကြပြီး စုစုပေါင်းရွှေတံဆိပ်ဆု နှစ်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ်ရှစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၆၁	၆၈	၇၉	၂၀၈
ဗီယက်နမ်	၆၁	၅၅	၄၇	၁၆၃
အင်ဒိုနီးရှား	၃၂	၃၇	၆၀	၁၂၉
စင်ကာပူ	၃၂	၂၃	၃၃	၈၈
မလေးရှား	၂၉	၃၆	၅၁	၁၁၆
ဖိလစ်ပိုင်	၂၉	၂၄	၄၁	၉၄
လာအို	၂၅	၁၆	၄၀	၈၁
မြန်မာ	၉	၁၆	၃၄	၅၉
ကမ္ဘောဒီးယား	၃	၈	၂၃	၃၄
ဘရူနိုင်း	၁	၁	၈	၁၀
တီမောလက်စတေ	၀	၀	၃	၃

အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ် အားကစားမယ် ကေခိုင်လွင်။ (အား/ကာ)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သည့် ရွာသစ်ပွဲကြိုရပ် ၁၉လမ်း ကတ္တရာအဆင့်မြှင့်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းပန်၌ ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်ပန္နက်ရိုက်

မိုင်းပန် ဒီဇင်ဘာ ၁၃

လင်းခေးခရိုင် မိုင်းပန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ဆုပ်ဟွေကျေးရွာဥက္ကဋ္ဌနှင့် ပြည်သူများပူးပေါင်းကာ နိုင်ငံတော်မှမတည်ငွေဖြင့် ဆုပ်ဟွေကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်ရိုက်မင်္ဂလာတိုင်ထူခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ပန္နက်ရိုက်

အခမ်းအနားတွင် လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာကြည့်တိုက်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးဦးအယ်လ်စိုးထန်တူး၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ မြို့နယ်ဦးစီးမှူးဦးသန်းမြင့်၊ ဆုပ်ဟွေကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြေနေရာတွင် ပန္နက်ရိုက်ခြင်း၊ မင်္ဂလာတိုင်စိုက်ထူခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ချောင်းဆုံ၌ မူကြိုနှင့်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ချောင်းဆုံ ဒီဇင်ဘာ ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မူကြိုနှင့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းအေးက အဆောက်အအုံဖြစ်ပေါ်လာပုံကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာပေ၏အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာတို့က ကျေးရွာရုံးနှင့် မူကြိုကျောင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က ဘဝအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားအပြီးတွင် စာရေးဆရာမင်းဆက်မွန် (ကွမ်ရိုက်)က မဂ္ဂဇင်း ဂျာနယ် ၁၅၀ လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောက်မြို့အထက မြတ်ဆရာပူဇော်မည်

ချောက် ဒီဇင်ဘာ ၁၃

ချောက်မြို့ အထက(၁)၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် အထက(၁)မြရိပ်ညိုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးမျိုးမြင့် ဖုန်း- ၀၉-၂၃၀၅၆၂၃နှင့် ဒေါ်ကြည်ငြေး ဖုန်း-၀၉-၂၃၀၅၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ချောက်မြို့ အထက(၂)၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀နာရီတွင် အထက(၂)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးဉာဏ်ထွန်း ဖုန်း- ၀၉-၅၀၀၉၀၁၇ နှင့် ဦးသွင်သွင် ဖုန်း- ၀၉-၂၃၀၅၀၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(ပညာရေး)**

မင်းတပ်၌ အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်း

မင်းတပ် ဒီဇင်ဘာ ၁၂

မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁၈)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၃)နှင့် ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီက မင်းတပ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်မြသန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က သင်တန်း၌သင်ကြားမှုနှင့် ပို့ပိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များကို နယ်လှည့်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရမ်ဟေးကလည်းကောင်း၊ အခြေခံစက်ချုပ်သင်တန်း၌ ပထမဆုရရှိသူ မင်းတပ်မြို့နယ်ရှိ ကျေးရွာမှ မနိုင်းလီအား ဒုတိယရဲမှူးမောင်မောင်မြသန်းက လည်းကောင်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၌ ပထမဆုရရှိသူ ဂန့်ဂေါမြို့နယ် ပန်းထိန်ကျေးရွာမှ မဇင်မာနွေးအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၄ပတ်ကြာမြင့်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းတစ်လျှောက် ပလက်ဖောင်းကပ်တုံးပေါ်ရှိ မြက်ခင်းအား မြက်ဖြတ်ခြင်း၊ ဘိုကတော်ပင်များ ပုံဖော်ခြင်း၊ ပေါင်းရှင်းခြင်းကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးဇော်အေးထွေးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေသယံဇာတတိုးပွားရေး ရွှေသောင်ယံ၌ ငါးမျိုးစိုက်ထည့်

ရွှေသောင်ယံ ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ချောင်းသာကျေးရွာ ချောင်းသာကမ်းခြေ၌ ဒီဇင်ဘာ ၆ရက် နံနက်၉ နာရီက ဧရာဝတီတိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ ပုသိမ်မြို့နယ်ဦးစီးဌာနမှူး ဒေါ်စုစုထွေး၊ ချောင်းသာကဏန်း သားဖောက်စခန်းတာဝန်ခံ ဦးရဲဝင်းသောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က ရေသယံဇာတတိုးပွားရေးအတွက် အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရေသယံဇာတတိုးပွားရေး၊ ရေရှည်တည်တံ့သော ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံပို့လျှံပြီး ပြည်ပသို့ပါတိုးချဲ့တင်ပို့နိုင်ရေးအတွက် ဂရမ် ၁၅၀ အောက် ကျောက်ပုစွန်ကောင်ရေ ၃၀၀၊ ဂရမ် ၃၀၀ မှ ဂရမ် ၅၀၀ အောက် ကျောက်ငါးကောင်ရေ ၃၀၀ နှင့် ဂရမ်၁၀၀ အောက် ကဏန်းကောင်ရေ ၅၀၀၀ တို့ကို ပင်လယ်ပြင်အတွင်းသို့ စုပေါင်း၍ မျိုးစိုက်ထည့်ခဲ့ကြသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

အိုင်သပြူ အထက မြတ်ဆရာပူဇော်ပွဲ

လေးမျက်နှာ ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် အိုင်သပြူ အထက၌ ပညာသင်ကြားခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၅ ရက် နံနက်၇နာရီတွင် အိုင်သပြူ အထက၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး များနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေ ထည့်ဝင်လိုသူများနှင့် ၄င်းနေ့တွင် ရန်ကုန်မှလိုက်ပါလိုသူများအတွက် ကားစီစဉ်ထားပါသဖြင့် ဦးမျိုးညွန့်အောင် ဖုန်း-၀၁-၆၈၁၂၇၄၊ ၀၉-၅၁၀၆၄၄၁၊ ၀၉-၈၂၁၂၃၈၊ ဦးမြတ်သူနိုင် ဖုန်း-၀၉-၅၀၀၄၇၈၅နှင့် ဂုဏ်ရည်စိုး ဖုန်း-၀၉-၈၅၈၀၆၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ပညာရေး)**

မိတ္ထီလာမြို့နယ် ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

မိတ္ထီလာ ဒီဇင်ဘာ ၁၀

မိတ္ထီလာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂၇ရက် ညနေ ၃နာရီခွဲက ပေါက်ချောင်းအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဆည်ကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းကို ကန်တောင်ကျေးရွာအုပ်စုဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲပြီး၊ ပထမဆုရ ကန်တောင်ကျေးရွာအုပ်စုဘောလုံးအသင်း၊ ဒုတိယဆုရ ဆည်ကုန်းကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ပြိုင်ပွဲတွင်နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ပဲပိစပ်ကို နေ့စဉ်စားသုံးပါလျှင် ရင်သားကင်ဆာဖြစ်ပွားမှု ကျဆင်းနိုင်ဟုဆို

ပဲပိစပ်ကို စားသုံးခြင်းသည် ရင်သားကင်ဆာ ဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံ ပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စာမျက်နှာ ၇ ကော်လံ ၆ ❐

ဒေါ်အောင်ဆန်းစုကြည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များအား တွေ့ဆုံဂါရဝပြုကန်တော့

ရန်ကုန် ဒီဇင်ဘာ ၁၆

ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အကြီးအကဲထံ မေတ္တာရပ်ခံတင်ပြချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလွန်းတင်တို့အား ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ယနေ့နံနက် ၁၁နာရီမှ ၁၁နာရီ ၄၅မိနစ်အထိ တွေ့ဆုံကာ ဂါရဝပြုကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြစ်ကူးတံတားသစ်ကြီးနဲ့တကွ ကားလမ်း၊ ရထားလမ်းတွေ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့တဲ့အတွက် ဒေသခံတိုင်းရင်းသားလူမျိုးများရဲ့ လူမှုစီးပွားဘဝ အဆင့်အတန်းဟာ မလွဲမသွေ မြင့်မားတိုးတက်လာတော့မှာ ဖြစ်ပါတယ်။ ဒီလို မြင့်မားတိုးတက်လာရအောင်လည်း နိုင်ငံတော်အပိုင်းက မိဘကောင်းပီသစွာ စစ်မှန်တဲ့ စေတနာ၊ မေတ္တာအရင်းခံပြီး မိမိတို့ရဲ့ ရင်သွေးများဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ရှေ့အလားအလာကောင်းများအတွက် အမှန်တကယ်လိုအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံတွေကို ပြည်ထောင်စုကြီးရဲ့ နေရာဒေသအနှံ့မှာ လက်ညှိုးထိုးမလွဲ ကြိုးပမ်းတည်ဆောက်ပေးနေခြင်းပဲဖြစ်။

ကျော်ရဲမင်း၏ ဆောင်းပါးကို စာမျက်နှာ ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။